မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၂ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၃)

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကိုမြင်တွေ့နေရပြီ

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်ကျင့်သုံးမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများနှင့်ပတ်သက်ပြီး ညီလာခံကိုယ်စားလှယ်များကိုသာမက ပြည်သူတစ်ရပ်လုံးကိုပါသိရှိအောင် ရေဒီယို၊ သတင်းစာ၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏လေ့လာတွေ့ရှိချက်များကိုချပြထားပြီး ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့်လည်း အနာဂတ်တွင်ဒီမိုကရေစီစနစ်ကျင့်သုံး မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပုံသဏ္ဌာန်ကို ယခုအခါတွင် မြင်တွေ့နေကြရပြီ။

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပလာခဲ့ရာ ၂၃ ရက်မြောက်ရှိလာခဲ့ပြီ

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင်အခြေခံရမည့် အသေးစိတ်အခြေခံမူများ ချမှတ်နိုင်

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ညှိနှိုင်းဆွေးနွေးနေကြပြီ

ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုများကြောင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်

ရန်ကုန် မတ် ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အောင်အောင်မြင်မြင်ကျင်းပ

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အမျိုးသားညီလာခံကြီးကို ၁၇-၂-၂၀၀၅ ရက်က စပြီး အောင်အောင်မြင်မြင်ကျင်းပလာခဲ့ရာ ယနေ့ဆိုလျှင် ၂၃ ရက်မြောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ အစုအဖွဲ့အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များအနေဖြင့်လည်း စည်းကမ်းရှိရှိ တာဝန်သိသိ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရမည့်ကိစ္စများကို အရှိန်အဟုန် ကောင်းကောင်းဖြင့်ဆောင်ရွက်လာနိုင်ခဲ့ကြရာ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ် ***စာမျက်နှာ ၈ ကော်လံ ၁*** ■

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၂ ရက်)

တိုင်းရင်းသားပြည်သူများအား စည်းရုံးဦးဆောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊နိုင်ငံတော်၏စီးပွားရေး၊လူမှုရေး၊အုပ်ချုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ဦးတည်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာခဲ့ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အဓိကအကျဆုံး၊ အရေးကြီးဆုံး အဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များစုံညီစွာဖြင့် ကျင်းပနေပြီ ဖြစ်သည်။

ယင်းကဲ့သို့ အခြေအနေအချိန်အခါတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသည်။

ပြည်ထောင်စုကြီးအတွင်းရှိ ခရိုင်အသီးသီး၌ ကျင်းပခဲ့သော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပွဲ အခမ်းအနားများတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို လက်ငင်းအမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် အတိအလင်း ထုတ်ဖော်ပြီး ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအတွက်အကျိုးပြုနိုင်ပြီး ရရှိပြီးဖြစ်သည့် စည်းရုံးရေးအားသာမှု အခြေအနေကောင်းများကို လက်ကိုင်ပြုကာ အမှန်တရားကိုအခြေခံသော စည်းရုံးရေးကို ဆက်လက်တည်ဆောက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုမှန်သမျှသည် ပြည်သူ့အတွက်ပင်ဖြစ်သည်ကို နားလည် သဘောပေါက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကိုတစ်ပြိုင်တည်း အကောင်အထည် ဖော်သွားရမည် ဖြစ်သည်။

ဤကဲ့သို့ ပြည်သူများလူနေမှုဘဝမြင့်မားတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်လုပ်ငန်းစဉ်များအပေါ် တိုင်းရင်းသားပြည်သူများက ယုံကြည်လက်ခံ ထောက်ခံအားပေးမှုများ ပိုမိုရရှိလာမည် ဖြစ်သည်။ ပြည်သူများ၏ လိုအင်ဆန္ဒနှင့် အခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးရင်း ရင်းနှီးယုံကြည်အားကိုးမှုများလည်း တိုးပွားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်ရင်း တိုင်းရင်းသားပြည်သူများအား စည်းရုံးဦးဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့နယ်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းဆင်းပွဲ တရားသူကြီးချုပ်ဦးအောင်တိုး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

မြို့နယ်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၂)ဆင်းပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာနခွဲအဆောက်အအုံခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းဆင်းပွဲသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသည့် ဦးခင်မောင်အေး၊ဦးခင်မြင့်၊ ဦးမြင့်သိန်းနှင့် ဦးချစ်လွင်၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ရန်ကုန်တိုင်းတရားသူကြီး၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အမှတ် (၂၀) ရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မတ် ၂ရက်က ရပ်ကွက်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူး ဦးစောရှိန်က တစ်ဦးချင်း ပေးအပ်စဉ်။ (က-ပ)

ကျပ်၅၀တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဧပြီ၁ရက်နေ့တွင် ကျင်းပမည်

ရန်ကုန် မတ် ၁၁

(၁၉၅)ကြိမ်မြောက် ငွေကျပ်၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဧပြီ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိထီဖွင့်ပွဲခန်းမဆောင်၌ နံနက်၉နာရီမှစတင်၍ ညနေ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်သွားမည် ဖြစ်သည်။

ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း၅၀ ၁၀ဆု၊ ငွေကျပ်၂၅သိန်း ၁၂ ဆု၊ မင်္ဂလာစုံတွဲ စနစ်အရ ငွေကျပ်သိန်း၅၀ ၁၉ယူနစ်၊ ဖြည့်စွက်စနစ်အရ နှစ်ယူနစ်နှင့် အပိုဆုစနစ်အရ ၂၄ ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည် ဖြစ်သည်။

ထို့ပြင် အောင်ဘာလေသိန်းဆုဌာနခွဲက ၁၉-၅-၂၀၀၀ နေ့စွဲဖြင့်ကြေညာထားသည့်အတိုင်း ငွေကျပ် သိန်း၃၀၀ အထူးဆုကြီးတစ်ဆုကိုပါ ထည့်သွင်းဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း၃၀၀တစ်ဆု၊ ငွေကျပ်သိန်း၅၀ ၂၉ဆု၊ ငွေကျပ် ၂၅ သိန်း၁၂ဆု၊ ငွေကျပ်ခြောက်သိန်း၆၆၅ ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ငွေကျပ်လေးသိန်းလေးဆု၊ငွေကျပ်နှစ် သိန်း၁၅ ဆု၊ငွေကျပ်တစ်သိန်း၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ငွေကျပ်လေးသောင်း၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၁၂ ဆု ဖြစ်သည်။

(၁၉၅)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဧပြီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ

ရန်ကုန် မတ် ၁၁

ဧရာဝတီတိုင်းမြန်အောင်မြို့နယ် ငါးပိဆိပ်ကျေးရွာရွှေစည်သာသာသနာ့ရိပ်သာ ကျောင်းဝင်းအတွင်း ရွှေစည်သာဆရာတော် ဦးအာစိဏ္ဏနှင့် ဦးနေမိန္ဒတို့ဦးဆောင်ပြီး ကိုယ့်အားကိုယ်ကိုးဆောက်လုပ်နေသော "သုတရတနာစာကြည့်တိုက်" ဖွင့်ပွဲအကြိုနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ရွှေစည်သာ သာသနာ့ရိပ်သာဝင်းအတွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အနယ်နယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းကြသော စာအုပ်များကို ကျေးရွာဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်တာဝန်ရှိသူများက လက်ခံရယူပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၊ သန်လျင်မောင်မောင်ဦးနှင့် မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့က စာပေရေးရာအဖြာဖြာကို ဟောပြောကြသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

မတ် ၄ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စစ်ပင်ရပ်နေ ဒေါ်စက်ဝင်းက ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တပ်မတော်နေ့အထိမ်းအမှတ်ဝန်ကြီးဌာနပြခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စွမ်းအင်ဝန်ကြီး ဌာနပြခန်းနှင့် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တိုင်းကျိုးပြည်ပြုပြခန်းတို့မှ ဝန်ကြီး ဌာနပြကွက်များကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ပြခန်းများ၏ ဦးတည် ချက်နှင့်အညီ ပြသနိုင်ရေး၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှု များ၊ ပြည်သူလူထုအသိအမြင်တိုးပွားစေရန် ပြကွက်များကို ခံ့ညားသပ်ရပ်စွာ ပြသရေး၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းရေး၊ အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ္စာစိုး၏ ဝတ္ထုဇာတ်ညွှန်းကို ခင်ဆွေဟန် စီစဉ်ထုတ်လွှင့်လိုက်သည့် "ရဲဘော်လေး တစ်ယောက်အကြောင်း" ဇာတ်လမ်းပမာ နားဆင်စရာကို တေးသံရှင် တက္ကသိုလ်ကိုကိုဇော်နှင့် မြန်မာ့အသံဝန်ထမ်းများ အသံသွင်းကြစဉ်။
(ထ-ပ-ဆ)

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို "ရဲဘော်လေးတစ်ယောက်အကြောင်း" ဇာတ်လမ်းပမာ နားဆင်စရာ ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ္စာစိုး၏ ဝတ္ထုဇာတ်ညွှန်းကို ခင်ဆွေဟန် စီစဉ်ထုတ်လွှင့်လိုက်သည့် "ရဲဘော်လေးတစ်ယောက်အကြောင်း" ဇာတ်လမ်းပမာ နားဆင်စရာကို မတ် ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်နှင့် မတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တို့တွင် မြန်မာ့အသံမှ ထုတ်လွှင့် မည်ဖြစ်သည်။

ယင်းဇာတ်လမ်းပမာနားဆင်စရာ ဇာတ်လမ်းတွင် တေးသံရှင်တက္ကသိုလ် ကိုကိုဇော်နှင့် မြန်မာ့အသံ ဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းများ၌ ဖျော်ဖြေရေးများတင်ဆက်

ရန်ကုန် မတ် ၁၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ စခန်း အသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ် ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက ယမန်နေ့ ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ တပ်မတော် အရိုးကုဆေးရုံခုတင် (၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ အမှတ်(၁)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Tourist Maps of Myanmar (TMM-14) အခမဲ့ဖြန့်ချိ

ရန်ကုန် မတ် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co.,Ltd.(D.P.S) သည်မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှစတင်၍ နှစ်စဉ် စောင်ရေ သုံးသိန်းခွဲကျော် စီစဉ်ပုံနှိပ် ဖြန့်ချိလျက်ရှိရာ ယခုပွင့်လင်းရာသီတွင် Tourist Maps of Myanmar (TMM-14) ကို အခမဲ့ ဖြန့်ချိနေပြီ ဖြစ်သည်။

Tourist Maps of Myanmar (TMM-14) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန် တစ်မြို့လုံး မြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီး အသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုး မြေပုံတို့ ပါဝင်သည်။ ရန်ကုန်မြို့ရှိ အခြေစိုက်သည့် နိုင်ငံခြားသံရုံးများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်၊စားသောက်ဆိုင်များ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြား ခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံ၏ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန် သက်သာစွာဖြင့် လေ့လာနိုင်မည် ဖြစ်သည်။

D.P.S မှ ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ အထူးသဖြင့် ယနေ့မှ မတ် ၁၅ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် (ITB Berlin-2005) တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ Design Printing Services Co., Ltd. (D.P.S) တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက် ထုတ်ယူနိုင်သည်။ လိပ်စာမှာ အမှတ် ၁၆၅-၁၆၇ (ပထမ ထပ်) ၃၅ လမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၉၅-၁ ၂၀၄၀၂၀၊ ၂၀၄၀၉၂၊ ၇၀၀၅၄၁၊ ဖက်စ်-၉၅-၁ ၂၄၅၂၃၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၁

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ် ပြခန်းခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်း ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲဝင်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးစိုးမြင့်သိန်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကထိကဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲသို့ တောင်ဥက္ကလာပမြို့နယ်၊ ကျောက်တံတားမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်၂၅ ဦးစီ စုစုပေါင်း အသင်းဝင် ၇၅ ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၁၉ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဓမ္မဒူတတရားစခန်းပွဲ

ရန်ကုန် မတ် ၁၁

ရခိုင်ပြည်နယ် သံတွဲခရိုင် ရွှေလေ့တိုက်နယ် ရွှေလေ့ကျောင်းကြီးတွင် မတ် ၁၄ ရက်ညမှ ၂၁ ရက် နံနက်အထိ ခုနစ်ရက် တရားစခန်းပွဲကျင်းပမည် ဖြစ်ရာ ဓမ္မဒူတ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မဒူတ အရှင် အာစိဏ္ဏ (ဟသ်ာတ) ဆရာတော်က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲဝင်လိုသူများသည် မတ် ၁၄ ရက် ညနေ ၆ နာရီထက် နောက်မကျစေဘဲ ကြွရောက်အားထုတ်နိုင်ကြောင်း နှိုးဆော်ထားသည်။**(က-ပ)**



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ဗီယက်နမ်ပူးပေါင်းလိုလျှင် ဝန်ဆောင်မှုကဏ္ဍ အဆင်ပြေလွယ်ကူအောင် လုပ်ဆောင်ရန်လိုအပ်

ဟန္နွိုင်း မတ် ၁၀

ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)နှင့် ဗီယက်နမ်နိုင်ငံပူးပေါင်းလိုလျှင် ဗီယက်နမ်နိုင်ငံသည် ယင်း၏ဝန်ဆောင်မှုကဏ္ဍ လွယ်ကူချောမောစေရန် ပြင်းပြင်းထန်ထန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်က တနင်္လာနေ့၌ ရေးသားလိုက်သည်။

ဈေးကွက်သုတေသနပြုမှု အွန်လိုင်းတွက်ချက်မှု အထိရှိသော ဝန်ဆောင်မှုများကို စီးပွားရေးကဏ္ဍပိုမိုဖွံ့ဖြိုးစေရန်အတွက် ဦးစားပေးရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက နိုင်ငံခြားကုမ္ပဏီများက ယင်းနေရာများတွင် ကြီးစိုးသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတော်မူဝါဒများသည် ကုန်သွယ်မှု၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် ကုန်းလမ်းပို့ဆောင်မှုပါဝင်သော အစဉ်အလာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် စူးစိုက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သတင်းကဖော်ပြသည်။

တိုးချဲ့ရန်

ဗီယက်နမ်အစိုးရသည် ဝန်ဆောင်မှုကဏ္ဍကို နှစ်စဉ် ၇/၈ ရာခိုင်နှုန်းထက် မနည်းတိုးချဲ့သွားရန် လျာထားသတ်မှတ်ထားပြီး ဝန်ဆောင်မှုကဏ္ဍ၏စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)ကို ၂၀၁၀ပြည့်နှစ်၌ ၄၂/၄၃ ရာခိုင်နှုန်းထိတိုးမြှင့်သွားရန် သတ်မှတ်ထားသည်။

အသစ်ထုတ်ပြန်လိုက်သော အစိုးရကိန်းဂဏန်းများက ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီအတွက် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုသည် အကြမ်းအားဖြင့် ၁၉၉၆ ခုနှစ်မှစပြီး ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်၌ ၃၈ဒသမ ၂ ရာခိုင်နှုန်းသာ ဂျီဒီပီ၌ ပါဝင်နိုင်ခဲ့ရာ ယခင်နှစ်က ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း အဆိုပါကိန်းဂဏန်းသည်ပင် ကမ္ဘာ့ပျမ်းမျှ ၆၀ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးဆဲကမ္ဘာ၏ပျမ်းမျှ ၅၀ ရာခိုင်နှုန်းထက် နိမ့်ကျခဲ့ကြောင်း သတင်းကဖော်ပြခဲ့သည်။

ပျက်စီးရဖွယ်

ဒဗလျူတီအို၏ သတ်မှတ်ပြဋ္ဌာန်းချက် တစ်ခုမှာ ဗီယက်နမ်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍကို ဖွင့်ပေးခြင်းဖြစ်ကြောင်း၊ အန္တရာယ်မှာအတွေ့အကြုံမရှိသော ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားယှဉ်ပြိုင်သူများကြောင့် ပျက်စီးရဖွယ်ရှိခြင်းဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးထရူအွန်ဒင်တူယင်ကပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကြေးနန်းဆက်သွယ်မှုများ၊ ဘဏ်လုပ်ငန်းများနှင့် ငွေကြေးကုမ္ပဏီများအတွက်ယင်း၏ဈေးကွက်ကိုဖွင့်ပေးထားရာ မကြာသေးသောကာလတွင် ဝန်ဆောင်မှုကဏ္ဍ၌ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုတိုးလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်းများပြပွဲ၌ ဆိုနီထုတ်ဓာတ်ပုံဗီဒီယိုကင်မရာများအား မော်ဒယ်များက ပြသနေသည်ကို မတ် ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် အမည်မသိ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ရသော ဆွေမျိုးသားချင်း တစ်ဦးအတွက် ဝမ်းနည်းကြေကွဲနေသော အီရတ်အမျိုးသားကြီးတစ်ဦးအား မတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အမေရိကန်၏ လူ့အခွင့်အရေး စွပ်စွဲချက်များ ကျူးဘားကငြင်းပယ်ပြီး အထောက်အထားပြရန် တောင်းဆို

ဟားဗားနား မတ် ၁၀

အမေရိကန်နိုင်ငံခြားရေးဌာနက မကြာသေးမီ၌ ထုတ်ပြန်ခဲ့သော ကျူးဘားနိုင်ငံအပေါ် လူ့အခွင့်အရေးစွပ်စွဲချက်များကို ကျူးဘားနိုင်ငံက တနင်္လာနေ့၌ ငြင်းပယ်လိုက်သည်။

ဟားဗားနားရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်ဇ်က ထိုစွပ်စွဲချက်များနှင့် ပတ်သက်သည့် အထောက်အထားများကိုတင်ပြရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းတောင်းဆိုခဲ့သည်။

အဆိုပါ အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်များကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ် ၁၄ရက်တွင်စတင်ကျင်းပမည့် (၆၁)ကြိမ်မြောက် လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးမတိုင်မီ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးကို ဧပြီလကုန်ပိုင်းထိ ကျင်းပမည်ဟုဆိုသည်။

ဂျီနီဗာ၌ကျင်းပမည့် ထိုအစည်းအဝေးတွင် ကျူးဘားနိုင်ငံအား ပြစ်တင်ရှုတ်ချရန် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းရာတွင် အများထောက်ခံမှုရရန်ရည်ရွယ်ပြီး ယင်း၏ရည်ရွယ်ချက်များ အကောင်အထည်ပေါ်အောင် ကြိုးပမ်းနေကြောင်း ပီရက်ဇ်က ပြောကြားသည်။

ရှုတ်ချပိုင်ခွင့်မရှိ

ဂွမ်တာနာမိုရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းနှင့် အီရတ်ရှိအဘူဂါရိုပ်အကျဉ်းစခန်း၌ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သော အမေရိကန်အစိုးရသည် လူ့အခွင့်အရေးနယ်ပယ်တွင် အခြားမည်သည့်နိုင်ငံကိုမျှ ပြစ်တင်ရှုတ်ချပိုင်ခွင့် မရှိကြောင်း ပီရက်ဇ်က ပြောကြားသည်။

အမေရိကန် အာဏာပိုင်များအနေဖြင့် ကိုယ့်အလုပ်ကိုယ်လုပ်ကြပြီး ကျန်ကမ္ဘာ့ဒေသကို ငြိမ်းချမ်းစွာ ရှိစေသင့်ကြောင်းလည်း ယင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇမ်ဘာဘွေနိုင်ငံမှ ရင်ချင်းဆက်အမြွှာညီအစ်ကိုအား အောင်မြင်စွာ ခွဲစိတ်နိုင်

အော့တာဝါ မတ် ၉

ဇမ်ဘာဘွေနိုင်ငံမှ ခုနစ်လသားအရွယ် ရင်ချင်းဆက်နေသည့် အမြွှာညီအစ်ကို နှစ်ဦးအား အသည်းတစ်ခုတည်းကို မျှဝေ ခွဲစိတ် ပေးပြီးနောက် တိုရွန်တိုမြို့ရှိ ဆစ်ကတ်စ်ဆေးရုံ၌ သီးခြားစီဖြစ်အောင် အောင်မြင်စွာ ခွဲစိတ်ပေးလိုက်ကြောင်း အင်္ဂါနေ့၌ ထုတ်ပြန်သော ဆေးရုံသတင်းများက ဆိုသည်။

အဆိုပါ အမြွှာယောက်ျားလေးနှစ်ဦးမှာ တီနာရီနှင့် တီနိုတင်ဒါတို့ဖြစ်ကြပြီး ဆစ်ကတ်စ်ဆေးရုံ၌ အသက်ရှင်ကျန်းမာနိုင်ရေးအတွက် အထူးဂရုစိုက်စောင့်ရှောက်ထားရလျက်ရှိသည်။

အခက်အခဲမရှိ

ကလေးငယ်များကို သီးခြားစီခွဲစိတ်ကုသပေးခဲ့သည့် ဒေါက်တာဂျာကော့လန်ဂါက ခွဲစိတ်ကုသမှုများ တနင်္လာနေ့က ပြုလုပ်ခဲ့ကြောင်း၊ အခက်အခဲမရှိကြောင်း၊ သို့ရာတွင် ကလေးငယ်များအနေဖြင့် စိုးရိမ်ရသည့် အနေအထားရှိနေသေးကြောင်း ပြောကြားသည်။

မျှော်လင့်

တီနာရီနှင့်တီနိုတင်ဒါတို့အားသီးခြားစီ ခွဲစိတ်ကုသရာတွင် အချိန် ၈နာရီခန့်ကြာမြင့်ခဲ့ကြောင်း၊ အခြေအနေပိုမိုကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း ဒေါက်တာဂျာကော့လန်ဂါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်တပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ်မှု ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌သေဆုံး

ဆိုဖီယာ မတ် ၁၀

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အချင်းချင်းမှားယွင်းပစ်ခတ်မိသဖြင့် သောကြာနေ့က ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရကြောင်း ဘူလ်ဂေးရီးယားကာကွယ်ရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက မှားယွင်းပစ်ခတ်မှုကြောင့် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဘူလ်ဂေးရီးယားကာကွယ်ရေးဝန်ကြီး နီကိုလိုင်စဗီနာရော့ဗ်က ပြောကြားသည်။

အီရတ်နိုင်ငံအလယ်ပိုင်းရှိ ဒိုင်ဝါနီယာမြို့ရှိ ဘူလ်ဂေးရီးယားစစ်အခြေစိုက်စခန်း၏ တောင်ဘက် ၄၅ ကီလိုမီတာအကွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အဆိုပါဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထိမှန်

အီရတ်မော်တော်ယာဉ်တစ်စီးကို ရပ်တန့်ရန်အတွက် လေထဲတွင်သတိပေးပစ်ခတ်ရာမှ ကင်းလှည့်နေသော ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦးကို ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဘူလ်ဂေးရီးယားကာကွယ်ရေးဝန်ကြီး စဗီနာရော့ဗ်က ပြောကြားသည်။

အီရတ်တွင် ယခုအချိန်အထိ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များ သေဆုံးရမှုမှာ ရှစ်ဦးရှိသွားပြီဖြစ်သည်။ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံဒိုင်ဝါနီဟာမြို့တွင် ပိုလန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များအောက်တွင် တပ်ဖွဲ့ဝင် ၄၅၀ဖြင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန်ဖရန်စစ္စကိုပြတိုက်၌ ပြသထားသော ရွှေသရဖူ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့မှ ခိုးသွားသောပစ္စည်းဖြစ်ဟုဆို

ဗန်ကောက် မတ် ၉

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ အနုပညာပြတိုက်၌ ပြသထားသော ရွှေသရဖူသည် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ ဘုရားကျောင်းတစ်ခုမှ ခိုးယူသွားခဲ့သော ပစ္စည်းဖြစ်ပြီး အမေရိကန် ပြည်ထောင်စုသို့ တရားမဝင်ပေးပို့ရောင်းချခဲ့ခြင်းဖြစ်သည်ဟု ထိုင်းအာဏာပိုင်များက တာဝန်ပေးထားသော ကျွမ်းကျင်အဖွဲ့၏ ပဏာမတွေ့ရှိချက်များအရ သိရသည်။

အဆိုပါကျွမ်းကျင်အဖွဲ့သည် ဓာတ်ပုံအထောက်အထားများအပေါ် ကနဦးကောက်ချက်ချပြောဆိုခဲ့ပြီး၊ အဆိုပါသရဖူအလှတန်ဆာသည် ထိုင်းနိုင်ငံ၌ သက်တမ်း ၆၀၀ ကြာမြင့်ခဲ့သော ချိန်ဆာအင်ခေတ်ကို ထင်ဟပ်ဖော်ပြသည်ဟု ပြောကြားသည်။

တိုက်တွန်းထား

ယင်းရွှေသရဖူ ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအာမခံချက်ရှိရန် သံတမန်စေ့စပ်ဆွေးနွေးဖို့ အစိုးရအား ကျွမ်းကျင်အဖွဲ့က တိုက်တွန်းထားသည်။ ယင်းရွှေသရဖူ ထိုင်းနိုင်ငံ အယုဒ္ဓယရှေးဟောင်းမြို့မှ ခိုးယူခံရကြောင်း သတင်းများဖော်ပြခဲ့ပြီးနောက် ထိုင်းအာဏာပိုင်များသည် ကျွမ်းကျင်သူများကို ခေါ်ယူခဲ့သည်။

အဆိုပါကျွမ်းကျင်သူများ အဖွဲ့ကိုမကြာမီ၌ အမေရိကန်ပြည်ထောင်စုသို့စေလွှတ်ပြီး ရွှေသရဖူကို စေ့စေ့စပ်စပ်စစ်ဆေးစေမည်ဖြစ်ကြောင်း၊ မူလပိုင်ရှင်မှန်ကန်ကြောင်း ထောက်ခံအတည်ပြုစေမည်ဖြစ်ကြောင်း ကျွမ်းကျင်အဖွဲ့ဥက္ကဋ္ဌ အေရက်ခ်ဆန်ဟစ်ကူလ်က ပြောကြားသည်။ **(အင်တာနက်)**

ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ယန္တရားကို အရှိန်အဟုန်ဖြင့် လှည့်ပတ်နေရ ပါတီစွဲရှိမည်ဆိုလျှင် စည်းလုံးညီညွတ်မှုပျက်ပြားနိုင်သဖြင့် ဝန်ထမ်းများပါတီနိုင်ငံရေးနှင့်ကင်းရှင်းရန်လို

❒ *ကျော်ဖုံးမှ*

နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်ပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမှာ ဖြစ်ကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင် အာမခံချက်နှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်များ တိတိကျကျပါရှိခြင်း မရှိသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံက နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်းပြီး–

(၁) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်၊

(၂) နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းမည်

ဟု အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

နိုင်ငံတိုင်းတွင် မူဝါဒချမှတ်ပေးသည့် အပိုင်းနှင့်ဤမူဝါဒကိုဥပဒေနှင့်အညီ အကောင်အထည်ဖော်ပေးရသည့် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ မူဝါဒချမှတ်ပေးသည့်အပိုင်းတွင် ပါဝင်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည် မည်သို့ပင် အပြောင်းအလဲရှိစေကာမူ နိုင်ငံတော်၏ အဆင့်ဆင့်သော ယန္တရားများသည် စဉ်ဆက်မပြတ် လည်ပတ်ပေးနိုင်မှသာ နိုင်ငံတော်၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိပြီး ပြည်သူများ၏ ဘဝသည် အမြဲတစေ ရှင်သန်တိုးတက် လုံခြုံနေမှာ ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် မည်သည့်ပါတီကပင် အစိုးရဖြစ်နေစေကာမူ အစိုးရအလုပ် သက်သက်ကိုသာ ဆောင်ရွက်သွားနိုင်ရန် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပိုင်ခွင့်ရှိပြီး စည်းကမ်းသေဝပ်သည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းမျိုးရှိရန် လိုအပ်ကြောင်း၊ အကယ်၍ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့်မကင်းလျှင် နိုင်ငံ့ဝန်ထမ်းများအတွင်း ညီညွတ်မှုပျက်ပြားပြီး အစိုးရယန္တရားသည် ချောမောပြေပြစ်စွာ လည်ပတ်နိုင်တော့မှာ မဟုတ်ကြောင်း လေ့လာတွေ့ရှိရကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်ဟု အမျိုးသားညီလာခံက အခြေခံရမည့်မူ ချမှတ်ထားခြင်းဖြစ်ပါကြောင်း။

မိမိတို့သည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မှာ ဖြစ်သည့်အတွက် ယင်းစနစ်အရ မည်သို့ပင် အစိုးရအပြောင်းအလဲရှိရှိ နိုင်ငံတော်၏အဆင့်ဆင့်သော ယန္တရားများသည် ချောချောမောမော လည်ပတ်နေနိုင်ရန်နှင့် လုပ်ငန်းများကို ဖြောင့်ဖြောင့်ဖြူးဖြူး တွင်တွင်ကျယ်ကျယ် အကောင်အထည်ဖော်နိုင်ရန် မယိမ်းမယိုင် တောင့်တင်းခိုင်မာသည့် နိုင်ငံတော်၏ယန္တရားသည် ရှိနေရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ မယိမ်းမယိုင် ခိုင်မာတောင့်တင်းပြီး ချောမောသွက်လက်စွာ လည်ပတ်နေသည့် အဆင့်ဆင့်သော ယန္တရားကို ဖြစ်ပေါ်စေရန်အတွက် အထူးစည်းကမ်းသေဝပ်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တာဝန်ထမ်းဆောင်ခွင့်ရှိသည့် အရည်အချင်းပြည့်ဝသော နိုင်ငံ့ဝန်ထမ်းမျိုးရှိရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ဒို့တာဝန်အရေးသုံးပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ လုပ်ငန်းများကို စည်းကမ်းသေဝပ်စွာ ဥပဒေများနှင့်အညီ ထမ်းဆောင်စေရမှာ ဖြစ်သည့်အတွက် နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်များနှင့်စပ်လျဉ်းပြီး တင်ပြလျှင် နိုင်ငံ့ဝန်ထမ်းများ၏ အမှုထမ်းစည်းကမ်းများနှင့် သက်ဆိုင်သော စည်းမျဉ်းသတ်မှတ်ချက်အချို့ကို ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေပုဒ်မ ၉၈ တွင် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ယင်း ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ၁၉၄၇ ခုနှစ်မြန်မာနိုင်ငံတော် လွတ်လပ်ရေးအက်ဥပဒေ (Burma Independence Act of 1947) ဖြင့် ရုပ်သိမ်းခဲ့ကြောင်း။

ယင်းနောက် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၅၀နှင့် ၁၅၁ တို့တွင်–

အလုပ်လုပ်သော နိုင်ငံသားတိုင်းသည်–

(က) အနားယူပိုင်ခွင့်နှင့် အပန်းဖြေပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေအရ သတ်မှတ်သည့်အတိုင်း အလုပ်လုပ်ချိန်နှင့် အားလပ်ခွင့်များ ရပိုင်ခွင့်ရှိသည် ဟုလည်းကောင်း

အလုပ်လုပ်သောနိုင်ငံသားတစ်ဦးဦးသည်–

(က) အလုပ်ခွင်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရသည့်အခါတွင်သော် လည်းကောင်း၊ မသန်မစွမ်းဖြစ်သည့်အခါတွင်သော်လည်းကောင်း၊ နာမကျန်းဖြစ်သည့် အခါတွင်သော်လည်းကောင်း၊ အိုမင်းမစွမ်းဖြစ်သည့်အခါတွင်သော် လည်းကောင်း ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ခံစားပိုင်ခွင့်ရှိသည်။

(ခ) သေဆုံးသွားသည့်အခါတွင် ယင်းပုဂ္ဂိုလ်၏ ဆက်ခံပိုင်ခွင့်ရှိသူများသည် ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ခံစားပိုင်ခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရကြောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁တွင် "ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးကို နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရသာလျှင် ဆောင်ရွက်နိုင်သည်" ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁၊ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကာယ၊ ဉာဏ ဝန်ထမ်းများအားလုံးနှင့်ပတ်သက်သည့် ရေးရာကိစ္စများအတွက် လုပ်ငန်းစဉ်များရေးဆွဲပြီး အကြံပြုတင်ပြနိုင်ရန် နိုင်ငံတော်ကောင်စီဝင် ဦးကျော်စိုး ဦးဆောင်သည့် အဖွဲ့ဝင် ၁၈ဦးပါဝင်သော ကော်မရှင်တစ်ရပ်ကို ၁၉၇၅ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

ယင်းကာယ၊ ဉာဏ ဝန်ထမ်းအားလုံးနှင့်ပတ်သက်သည့်ရေးရာကိစ္စများအတွက် မူဝါဒနှင့်လုပ်ငန်းစဉ်များ ရေးဆွဲရေးကော်မရှင်သည် လိုအပ်သည်များကို စုံစမ်းစစ်ဆေးပြီး ထောက်ခံချက်များနှင့်အတူ နိုင်ငံတော်ကောင်စီကို ဝန်ထမ်းများ၏ ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေးမြင့်မားစေရန်၊ အလုပ်ခွင်စည်းကမ်းများပီပြင်ပြီး တိကျစွာ လိုက်နာဆောင်ရွက်စေရန်၊ ဝန်ထမ်းများ၏လူနေမှုအဆင့်အတန်းဘက်စုံတိုးတက်စေဖို့ လုပ်ငန်းခွင်သာယာရေးကို ဖန်တီးပေးရန် ဝန်ထမ်းများ၏ဘဝလုံခြုံမှုအတွက် အာမခံချက်ကိုရေးရှုဖို့စသည့် ရည်ရွယ်ချက်များ ပါဝင်သော အစီရင်ခံစာကို တင်ပြခဲ့ကြောင်း။

ယင်းကော်မရှင်၏ သုံးသပ်ချက်အချို့ကို အကျဉ်းချုံးဖော်ပြရမည်ဆိုလျှင် ယခင် ပါလီမန်ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံ၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ သို့သော် အတွင်းဝန်များရုံးနှင့်တကွ ဗျူရိုကရေစီယန္တရားကို ပြင်ဆင်ခြင်းမပြုဘဲ ဗြိတိသျှကိုလိုနီလက်ထက်ကအတိုင်းပင် ဆက်လက်ထားရှိခဲ့ပါကြောင်း။

၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် မြန်မာနိုင်ငံတော်၏ ယိုယွင်းနေသောအခြေအနေကိုထိန်းသိမ်းပြီး အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ခဲ့ပါကြောင်း။

တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးတွင် တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်၊ မြို့ပိုင်၊ သူကြီးစသည့် အုပ်ချုပ်ရေးစနစ်အစား လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဌာနအချို့ကို ဖျက်သိမ်း ပူးပေါင်းပြီး ဘဏ္ဍာတော်မင်းကြီး၊ အတွင်းဝန်ချုပ် စသည့်ရာထူးများကို ဖျက်သိမ်းခဲ့ကြောင်း၊ ဝန်ကြီးများကိုလည်း သက်ဆိုင်ရာဌာန အသီးသီးတွင် တာဝန်ခံအကြီးအကဲများ အဖြစ်ဆောင်ရွက်စေခဲ့ကြောင်း။

အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ရေးစာအုပ် ၂၇ ပါ အစိုးရဝန်ထမ်းရေးရာ လုပ်ကိုင်ပုံနည်းစနစ်များအရ ဆောင်ရွက်ရာတွင်လည်း ပြဿနာရပ်များအားလုံး ပြေလည်ခြင်းမရှိခဲ့သည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းရေးရာ ကိစ္စများကို ဆောင်ရွက်ရာတွင် ဗဟိုဝန်ထမ်းရေးရာအဖွဲ့၊ ဝန်ကြီးဌာနဝန်ထမ်းရေးရာအဖွဲ့၊ ဦးစီးဌာန၊ ကော်ပိုရေးရှင်း၊ ဝန်ကြီးရုံး ဝန်ထမ်းရေးရာအဖွဲ့များအပြင် ဝန်ထမ်းဦးရေ ၄၀နှင့်အထက်ရှိသော စက်ရုံအလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင်လည်း ဝန်ထမ်းရေးရာအဖွဲ့များဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များအပ်နှင်းဆောင်ရွက်ခဲ့ကြောင်း။

စက်ရုံအလုပ်ရုံများတွင် စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီ၊ ဝန်ထမ်းရေးရာအဖွဲ့၊ ပူးတွဲညှိနှိုင်းရေးအဖွဲ့နှင့် အခြေခံပြည်သူ့အလုပ်သမား ကောင်စီစသည့် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ရောထွေးယှက်တင်ဖြစ်ကာ လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် မဆောင်ရွက်နိုင်ဘဲ ပြဿနာများ ရှိနေခဲ့ကြောင်း၊ ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးထက် စီမံခန့်ခွဲရေးအာဏာ ကျင့်သုံးရေးတွင်သာ နစ်မြုပ်နေသည့်အတွက် ကုန်ထုတ်လုပ်မှုကို ထိခိုက်ခဲ့ကြောင်း၊ ယင်းသို့ စက်ရုံအလုပ်ရုံတို့တွင် စီမံခန့်ခွဲရေးပိုင်းကတစ်ဖုံ၊ ဝန်ထမ်းရေးရာအဖွဲ့က တစ်မျိုး သို့မဟုတ် ပူးတွဲညှိနှိုင်းရေးအဖွဲ့ကတခြား၊ ပြည်သူ့အလုပ်သမား ကောင်စီက တစ်ဘာသာ၊ ကြီးကြပ်ကွပ်ကဲတာဝန်ယူ အကောင်အထည်ဖော်ရဘိသကဲ့သို့ ဖြစ်နေသည့်အတွက် ကုန်ထုတ်လုပ်ငန်းများမှာ စုပေါင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးသကဲ့သို့ ဖြစ်နေခဲ့ကြောင်း၊ ထို့ကြောင့် နှစ်တိုနှစ်ရှည်စီးပွားရေးမူဝါဒများနှင့်အညီ တာဝန်ခံမှုအပိုင်းမှာ တိကျပြတ်သားမှု မရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်နယ်တိုင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်ကျေးရွာ အုပ်စုအဆင့်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးချယ်တင်မြှောက်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသော ပြည်သူ့ကောင်စီ အဆင့်ဆင့်ပေါ်ပေါက်ခဲ့သော်လည်း ယန္တရားပိုင်းဖြစ်သော ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကို တာဝန်ခံရသည့် အပိုင်းနှင့် ဗဟိုအဆင့်ရှိ ဌာနအကြီးအကဲကို တာဝန်ခံရသည့် အပိုင်းများ ပြတ်သားမှုမရှိသည့်အတွက် လုပ်ငန်းမအောင်မြင်မှု၊ ရှုပ်ထွေးမှု၊ ပြဿနာပေါ်ပေါက်မှုများ ကြုံတွေ့ခဲ့ရကြောင်း။

ယခင်က မိမိတို့ ကိုင်တွယ်ကျင့်သုံးခဲ့သော လုပ်ပိုင်ခွင့်များကို ပြည်သူ့ကောင်စီများသို့ အပ်နှင်းလိုက်သည့်အတွက် အချို့ဝန်ထမ်းများသည် မကျေမလည်ဖြစ်ကာ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ တာဝန်ရှောင်လွှဲခြင်း၊ အနှောင့်အယှက်ပြုခြင်း စသည့်လုပ်ရပ်များပင် ပေါ်ထွက်ခဲ့ကြောင်း။

ဝန်ထမ်းခန့်ထားရေးအပိုင်းတွင် အချို့ဌာနများက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှတစ်ဆင့် ရွေးချယ်ခြင်းရှိသော်လည်း အချို့ဌာနများကမူ မိမိတို့ဘာသာ ရွေးချယ်ပြီး အဖွဲ့၏အတည်ပြုချက်ကို ပြန်လည်တောင်းခံကြသည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းများအား အဆင့်တိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အပြစ်ဒဏ်ပေးခြင်း စသည့်ကိစ္စများတွင်လည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ရှုပ်ထွေးခြင်း၊ အငြင်းပွားခြင်း၊ ဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းခြင်း စသော အခြေအနေများ ပေါ်ပေါက်ခဲ့ပါကြောင်း၊ ထိုစဉ်အခါ အုပ်ချုပ်ရေးစနစ်သစ်ကို အကောင်အထည်ဖော်ရာတွင် အချို့နေရာများ၌ ဝန်ထမ်းရာထူးများ တိုးချဲ့လာခြင်း၊ လုပ်ငန်းဌာနများ တိုးချဲ့လာခြင်းများကြောင့် အုပ်ချုပ်ရေးစရိတ်များ ပိုမိုကုန်ကျခဲ့ကြောင်း၊ ထိုသို့ ဝန်ထမ်းရာထူးများ ချဲ့ထွင်လာခြင်း၊ ဦးရေဖောင်းပွလာခြင်း၊ အုပ်ချုပ်ရေးစရိတ်များ ပိုမိုကုန်ကျခြင်းများရှိလာခဲ့သော်လည်း လုပ်ငန်း တွင်ကျယ်ထိရောက်မှုတွင် အကျိုးသက်ရောက်သင့်သလောက် သက်ရောက်မှုမရှိသည်ကို တွေ့ရကြောင်း၊ အချို့နေရာများမှာ ယခင်အုပ်ချုပ်ရေးစနစ်သစ် မဖော်ထုတ်မီ အခြေအနေလောက်ပင် လုပ်ငန်းထိရောက်မှုမရှိသည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းဦးရေ ပိုမိုများပြားလာခြင်းမှာလည်း ကုန်ထုတ်လုပ်မှု အပိုင်းထက် စီမံခန့်ခွဲမှုအပိုင်းတွင် မလိုအပ်ဘဲ တိုးချဲ့ခြင်းများကို အလေးပေးခြင်းများကြောင့် ကုန်ပိုမို ထုတ်လုပ်ရေးကို ထိရောက်စွာ အကျိုးမပြုဘဲ ဖြစ်ခဲ့ရသည်ကို တွေ့ရကြောင်း။

လုပ်ပိုင်ခွင့် သတ်မှတ်ရာတွင်လည်း လုပ်ငန်းများ ရောထွေးနေခြင်း၊ အချို့သော ဌာနဆိုင်ရာ ဝန်ထမ်းများသည် တစ်ဦးချင်း တာဝန်ယူမှုအခန်းကို လျစ်လျူရှုကာ အစစအရာရာ၌ စုပေါင်းဦးဆောင်မှုကို အကြောင်းပြုပြီး ကော်မတီများသို့ လွှဲချခဲ့သည့်အတွက် လုပ်ငန်းမတွင်ကျယ် နှောင့်နှေးရခြင်းများကိုလည်း တွေ့ရှိပါကြောင်း၊ တာဝန်သိဝန်ထမ်း အများအပြားပင်ရှိသော်လည်း အချို့ဝန်ထမ်းများသည် မိမိတို့လုပ်ကိုင်လိုသော ကိစ္စဆိုလျှင် ဂရုတစိုက် အလေးပေး လုပ်ကိုင်လေ့ရှိပြီး မိမိတို့ မလုပ်ကိုင်လိုသော ကိစ္စ၊ မိမိဆန္ဒနှင့် မကိုက်ညီသော ကိစ္စဆိုလျှင် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုဘဲ တာဝန်ရှောင်လွှဲနေတတ်ကြသည်ကို တွေ့ရပါကြောင်း၊ ထိုစဉ်က ပြည်သူ့ကိုယ်စားလှယ် အချို့သည်လည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဘောင်ထက်ကျော်လွန်ပြီး ဝန်ထမ်းလုပ်ငန်း အသေးစိတ်များတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်နစ်မြုပ်နေခဲ့ကြသည်ကိုလည်း တွေ့ရပါကြောင်း။

ယခင် ဗြိတိသျှအစိုးရလက်ထက်က အစိုးရဝန်ထမ်းများအတွက် သတ်မှတ်ထားသော မူလအခြေခံနည်းဥပဒေများအရ ခံစားခွင့်များနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် သတ်မှတ်ထားသည့် အလုပ်ရုံဥပဒေအရခံစားခွင့်များ ရောထွေးနေသဖြင့်လည်းကောင်း၊ လုပ်ပိုင်ခွင့်များကို အထက်အဖွဲ့အစည်းများမှ ချုပ်ကိုင်မှုများလွန်းသဖြင့် လည်းကောင်း၊ တာဝန်ခွဲဝေယူရာမှာ မညီမျှခြင်း၊ အပြစ်ရှိသော ဝန်ထမ်းများအား အရေးယူရာတွင် ပြတ်သားမှုမရှိခြင်း စသည့်လုပ်ရပ်များကြောင့် လည်းကောင်း၊ ပြဿနာများကို ဖြေရှင်းရာတွင် အခြေအနေတစ်ရပ်လုံးကို ခြုံငုံသုံးသပ်ခြင်းမပြုဘဲ ငါးပွက်ရာ ငါးစာချသကဲ့သို့ ပေါ်လာသမျှ ပြဿနာတစ်ခုချင်းကို လောလောဆယ် ဖြေရှင်းသည့်နည်းများ ကျင့်သုံးခဲ့ခြင်းကြောင့်လည်းကောင်း၊ ဝန်ထမ်းရေးရာများကို ဖြေရှင်းဆောင်ရွက်ရာမှာ ပြတ်သားစွာ ဦးဆောင်ဖြေရှင်းမှု မရှိခဲ့ခြင်းကြောင့်လည်းကောင်း ဝန်ထမ်းထုအတွင်း မပြေမလည်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

အားကြိုးမာန်တက် အရှိန်အဟုန်မပျက်ဆောင်ရွက်

❒ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်နှင့် လူမျိုးအတွက် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန် ရည်မှန်းချက်များဖြင့် တာဝန်ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝသည် လုပ်ငန်းစလုပ်ချိန်တွင် အားကြိုးမာန်တက်ရှိတတ်သော်လည်း အချိန်ကာလကြာလာသည်နှင့်အမျှ သာမန်ဖြစ်သွားကြပြီး ဝတ်ကျေတန်းကျေသာလုပ်တတ်ကြသည့် သဘောရှိသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လျော့ရဲမှု၊ ဝတ်ကျေတန်းကျေဆောင်ရွက်မှုများ ဖြစ်မသွားစေဘဲ လုပ်ငန်းစချိန်ကလိုပင် လုပ်ငန်းများကို အမြဲတစေအားကြိုးမာန်တက် အရှိန်အဟုန်မပျက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

12-3 (05).p65 1 3/28/05, 10:56 AM

နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ၌ အရည်အချင်းပြည့်ဝပြီး အလုပ်ဝတ္တရားကျေပွန်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းသင့်သည်များကို ပြဋ္ဌာန်းပေးသင့်ကြောင်း လေ့လာတွေ့ရှိရ

စာမျက်နှာ ၅မှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၂ခုနှစ် အောက်တိုဘာလ ၉ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေး အစည်းအဝေးတွင် ဝန်ထမ်းများနှင့် ပတ်သက်ပြီး လမ်းညွှန်မှာကြားခဲ့သည်နှင့် စပ်လျဉ်း၍ တင်ပြရမည်ဆိုလျှင် **ယနေ့ကာလသည် ခေတ်သစ်၊ စနစ်သစ်ကို ကူးပြောင်းနေဆဲကာလဖြစ်ကြောင်း၊ ခေတ်သစ်၊ စနစ်သစ်တွင် လက်တွေ့အောင်မြင်မှုရအောင် ဆောင်ရွက်ကြရာ၌ ဝန်ထမ်းအပိုင်းကို ဆန်းစစ်ကြည့်ရန်လိုကြောင်း၊ တချို့က အားကြိုးမာန်တက် လုပ်ကိုင်သကဲ့သို့ တချို့က ကြိုးနီစနစ်ဖြင့် လုပ်ကိုင်နေတုန်း ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကောင်းမွန်မှန်ကန်သည့် အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်ထက်မြက်မြက် သွက်သွက်လက်လက် လုပ်ကိုင်ကြရန်လိုကြောင်း။**

လုပ်ထုံးလုပ်နည်းတွင် ကြိုးနီစနစ်ဖြစ်နေမည်ဆိုလျှင် ပြင်သင့်သည်ကို ပြင်ကြရမှာ ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်ပိုင်း ကိုယ်နှိုက်က လုပ်ငန်းကို ကြန့်ကြာစေရန် ရည်ရွယ်ပြီး အဖျက်အမှောင့်လုပ်ခြင်းမျိုး၊ လုပ်ငန်းအပေါ် အလေးမထားဖြစ်ကတတ်ဆန်း လုပ်ခြင်းမျိုးဆိုလျှင် အမြန်ဆုံးဖယ်ရှားပစ်ရန် လိုကြောင်း၊ မိမိတို့၏ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လက်တွေ့လုပ်ကိုင်ရန်မလွယ်ကူလျှင် အမြန်ပြုပြင်ကြရမှာဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ကြရာတွင် ကြိုးကြိုးစားစား စေတနာထားပြီး ပြုလုပ်ကြရမှာဖြစ်ကြောင်း၊ ရေသာခိုသည့်စိတ်ဖြင့် တာဝန်ကျေလုပ်ကိုင်၍ မဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးက အောက်ခြေအထိဆင်းပြီး ကြီးကြပ်မှ လုပ်ငန်းပြီးမြောက်ခြင်းမျိုး မဖြစ်သင့်ဘဲ ဝန်ထမ်းအဆင့်ဆင့်ကြီးကြပ်စိစစ်မှု၊ ကြပ်မတ်ကွပ်ကဲမှုများ လုပ်သွားကြရမှာ ဖြစ်ကြောင်း။

ဝန်ထမ်းအကြီးအကဲ အဆင့်ဆင့်သည်လည်း ရုံးခန်းတွင်း၌ထိုင်ပြီး ညွှန်ကြားချက် အမျိုးမျိုးချမှတ်ပေးနေခြင်းမျိုး မဖြစ်သင့်ကြောင်း၊ အောက်ခြေအဆင့်အထိဆင်းပြီး သွက်သွက်လက်လက် ထက်ထက်မြက်မြက် စီမံကွပ်ကဲဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တိုင်းပြည်အတွက် စေတနာကောင်းထားပြီး မိမိကြောင့် တိုင်းပြည်နစ်နာမှုမရှိအောင် သတိထားလုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ချို့ယွင်းချက်မရှိအောင် ထက်ထက်မြက်မြက် သွက်သွက်လက်လက် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ဝန်ထမ်းအဆင့်ဆင့်က အခုထက်ပိုပြီး အားကြိုးမာန်တက် လုံ့လဝီရိယစိုက်ထုတ်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း လမ်းညွှန်မှာကြားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်နှင့် လူမျိုးအတွက် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန် ရည်မှန်းချက်များဖြင့် တာဝန်ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝသည် လုပ်ငန်းစလုပ်ချိန်တွင် အားကြိုးမာန်တက်ရှိတတ်သော်လည်း အချိန်ကာလကြာလာသည်နှင့် အမှု သာမန်ဖြစ်သွားကြပြီး ဝတ်ကျေတန်းကျေသာလုပ်တတ်ကြသည့် သဘောရှိသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လျော့ရဲမှု၊ ဝတ်ကျေတန်းကျေဆောင်ရွက်မှုများဖြစ်မသွားစေဘဲ လုပ်ငန်းစချိန်ကလိုပင် လုပ်ငန်းများကို အမြဲတစေအားကြိုးမာန်တက် အရှိန်အဟုန်မပျက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်ပြီး တင်ပြရမည်ဆိုပါက နိုင်ငံတော်အပိုင်းနှင့် ဝန်ထမ်းများအပိုင်းဆိုပြီး အပိုင်းနှစ်ပိုင်းရှိမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးသင့် ပေးထိုက်သည်များကို ဆောင်ရွက်ပေးမှာဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိပြီး မိမိ၏တာဝန်ဝတ္တရားများကို အရည်အချင်း ပြည့်ပြည့်ဝဝဖြင့် သွက်လက်ထက်မြက်စွာ ထမ်းဆောင်နိုင်ရန် ကြိုးစားကြရမှာ ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်ဝတ္တရားများ ထမ်းဆောင်သည့်အခါတွင် ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်နိုင်ရန် မိမိ၏ကိုယ်ကျင့်တရားကိုလည်း စောင့်ထိန်းကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ၌ အရည်အချင်းပြည့်ဝပြီး အလုပ်ဝတ္တရား ကျေပွန်ရေး၊ ရိုးသားဖြောင့်မတ်ရေး၊ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်စေရေးအတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်များကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းသင့်သည်များကို ပြဋ္ဌာန်းပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းသို့ ဥပဒေများပြဋ္ဌာန်းသည့်အခါ အကြောင်းတစ်ခုခုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား အရေးယူရန်ကိစ္စပေါ်ပေါက်ပါက ထိုသူအား ရှင်းလင်းချေပခွင့် အခွင့်အရေးကို လုံလောက်စွာ ပေးသင့်ကြောင်း။

ထို့အပြင် ဝန်ထမ်းများ၏ စားဝတ်နေမှု ဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီး ဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့အတွက် ဥပဒေပြုလွှတ်တော်များက လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ ကင်းပြီး လွတ်လပ်သည့် အရည်အချင်းပြည့်ဝသည့် အလုပ်ဝတ္တရားကျေပွန်သည့်၊ ရိုးသားဖြောင့်မတ်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် မည်သည့် ပါတီက အစိုးရဖြစ်ဖြစ် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ယန္တရားကို အရှိန်အဟုန်မပျက် လှည့်ပတ်နေရမှာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲရှိကြမည်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး အစိုးရယန္တရားလည်ပတ်မှုကို ထိခိုက်နိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရန်လိုကြောင်း တွေ့ရှိရကြောင်း။

တပ်မတော်သားများသည်လည်း တိုင်းပြည်တာဝန်ကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေရသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းသဘောသဘာဝသည် နယ်ဘက်ဝန်ထမ်းများနှင့် တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်သားများအတွက် လုပ်ငန်းသဘော သဘာဝများနှင့်အညီ သင့်လျော်သည့် ဥပဒေမျိုးပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နယ်ဘက်ဝန်ထမ်းများဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် ယင်းတို့၏ လုပ်ငန်းသဘောသဘာဝများအရ စည်းကမ်းထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းပြီး ဆောင်ရွက်နိုင်ရန် ယခုအခါ "မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေး ဥပဒေ"ကို ပြဋ္ဌာန်းထားရှိကြောင်း။

ထိုနည်းတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းသဘာဝများအရ သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အာမခံချက်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက် အတိအကျ မပါရှိခဲ့သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက် ရရှိရေးနှင့် လုပ်ငန်းခွင် သာယာရေးတို့နှင့် စပ်လျဉ်းပြီး သင့်လျော်သည့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးချမှတ်ပေးသင့်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကလည်း မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်သည့်အပြင် ရိုးသားဖြောင့်မတ်ပြီး အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရန် အစဉ်မပြတ် ကြိုးစားစောင့်ထိန်းကြရန်လည်း လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်ပြီး-

၁။ **နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။**

၂။ **နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်း စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။**

၃။ **နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းရမည်။**

၄။ **နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်သားများ၏ လုပ်ငန်းသဘာဝသည်ထူးခြားမှုရှိသည့်အလျောက် တပ်မတော်သား နိုင်ငံ့ဝန်ထမ်းများအတွက် တပ်မတော်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။**

၅။ **နိုင်ငံ့ဝန်ထမ်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့် လုပ်ငန်းသဘာဝအရ ယင်းတို့နှင့် ပတ်သက်၍ သီးခြားဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်**

ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန် သင့်မသင့်ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

၂၀၀၅ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများ အနက် တရားစီရင်ရေးအပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်တို့၏ ဖတ်ကြားတင်ပြချက်များကို မတ်လ ၁၃ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

The Map of Bagan (08-2005)အခမဲ့ဖြန့်ချိ

ရန်ကုန် မတ် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co.,Ltd.(D.P.S) သည် ယခုပွင့်လင်းရာသီတွင် The Map of Bagan (08-2005) ကို အဋ္ဌမအကြိမ်မြောက်အဖြစ် စောင်ရေ သုံးသောင်းအခမဲ့ဖြန့်ချိနေပြီဖြစ်သည်။ **(ယာပုံ)**

D.P.S မှထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ အထူးသဖြင့် ယနေ့မှ မတ် ၁၅ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် (ITB Berlin-2005)တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်ရာလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင် မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍

Design Printing Services Co.,Ltd.(D.P.S)တွင် ရုံးချိန်အတွင်း အခမဲ့လာရောက် ထုတ်ယူနိုင်သည်။ လိပ်စာမှာ အမှတ် (၁၆၅-၁၆၇) ပထမထပ် ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၉၅-၁ ၂၀၄၀၂၀၊ ၂၀၄၀၉၂၊ ၇၀၀၅၄၁၊ ဖက်စ်-၉၅-၁ ၂၄၅၂၃၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၁၀	၆။	တေးဂီတအစီအစဉ်
၈း၂၀	၇။	ရွှေလောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar made Easy
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၀	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၁၈)
၁၂း၅၅	၇။	ကျင်းသာရေလှောင်တမံ
၁၃း၀၀	၈။	**"တန်ဖိုးထဲကလူ"** (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ) (ဒါရိုက်တာ-သက်တင်)
၁၃း၄၅	၉။	မြန်မာ-ဂျပန် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ
၁၃း၅၅	၁၀။	တေးဂီတအစီအစဉ်
၁၄း၀၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၀	၁၂။	**"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သင်္ကြန်အောင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄း၃၀	၁၃။	ကျောက်ကြီးပေါက်တံတား
၁၄း၄၅	၁၄။	International News
၁၅း၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ ခုနှစ်)
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	အကပဒေသာ
၁၇း၄၅	၈။	တေးဂီတအစီအစဉ်
၁၇း၅၅	၉။	အတီးပြိုင်ပွဲ
၁၈း၀၀	၁၀။	**"လောကရဲ့အလှရတနာ"** ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ
၁၈း၁၅	၁၁။	တေးဂီတအစီအစဉ်
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Discovery
၁၉း၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"**(အပိုင်း-၅)
၁၉း၃၅	၁၆။	နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅	၁၇။	အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၂၅)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

သာကေတ မင်းကွန်း ဓမ္မရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်ပတ်လမ်း မူလမင်းကွန်းဓမ္မရိပ်သာတွင် သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက် အားထုတ်ကြရန်ဖိတ်ကြားထားသည်။ စခန်းရက်များအတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်များ လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၂၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လအတွက် (၁၃-၃-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၃-၂၀၀၅)ရက်နေ့

အမိုက်ကင်းစင်တို့ကျောင်းတစ်ခွင် လှုပ်ရှားမှုနှင့်ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေးဌာန၏ "အမှိုက်ကင်းစင် တို့ကျောင်းတစ်ခွင်" လှုပ်ရှားမှုနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ အသင်း ဘက်စုံအဆောက်အအုံပရဝဏ်မြက်ခင်းပြင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေးဌာနမှ ဆရာမများနှင့် မူလတန်းကြိုကျောင်းသား ကျောင်းသူလေးများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များသည် ကလေးသူငယ် မူလတန်းကြို ကျောင်းသား ကျောင်းသူလေးများ၏ အမှိုက်ကောက်ခြင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန၏ "အမှိုက်ကင်းစင် တို့ကျောင်းတစ်ခွင်" ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

"အမှိုက်ကင်းစင် တို့ကျောင်းတစ်ခွင်" အခမ်းအနားကို ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနရှိ မူလတန်းကြို ကျောင်းသား ကျောင်းသူလေးများအား ငယ်စဉ်ကပင် အမှိုက်ကို စနစ်တကျစွန့်ပစ်စေခြင်းနှင့် ကျန်းမာရေးနှင့် အညီ သန့်ရှင်းသပ်ရပ်စွာ နေထိုင် စေတတ်ခြင်းတို့ကို ရည်ရွယ်၍ကျင်းပ ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန၏ "အမှိုက်ကင်းစင် တို့ကျောင်းတစ်ခွင်" ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တောင်ငူဆရာတော်ဓမ္မခရီး

ရန်ကုန် မတ် ၁၁

ရန်ကုန် ပြည့်စုံအေးမဟာစည် တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတ သည် မတ် ၁၀ရက် မှ ၁၉ရက် အထိ မန္တလေးတိုင်း လယ်ဝေးမြို့နယ် သာဝတ္ထိဂိုဏ်းထောက်ကျောင်း ၁၀ ရက်စခန်း၌ လည်းကောင်း၊ မတ် ၂၀ရက်မှ ၂၆ရက်အထိ လယ်ဝေးမြို့နယ် ကန်သာချောင်းခုန်ဘုန်းတော်ကြီး ကျောင်း၌ လည်းကောင်း၊ မတ် ၂၇ရက်တွင် လယ်ဝေးသာဝတ္ထိရွာ ရဟန်းခံရှင်ပြု နေ့ပွဲ ညပွဲ၌ လည်း ကောင်း၊ ဧပြီ ၉ရက်မှ ၁၈ရက် အထိ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်ဘုရား အာရုံခံ တန်ဆောင်း ၁၀ ရက်စခန်း၌ လည်း ကောင်း တရားဟော တရားပြ နိဗ္ဗာန်ရောက်ကြောင်း တရားတော် များ ဟောကြားမည်ဖြစ်ကြောင်းနှင့် မဟာစည်၏သြဝါဒခံတောင်ငူအေးရိပ် သာ၌ ရန်ကုန်တိုင်း မြောက်ဥက္ကလာပ ပြည့်စုံအေးရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော သင်္ကြန်တစ်လစခန်းများကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ် ကြောင်းသိရသည်။ **(ဝ၄၆)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီပထမအကြိမ်စည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချမှု အခြေအနေများ ပြန်လည်သုံးသပ်သည့် အစည်းအဝေးနှင့် ၂၀၀၅ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။(အောက်ပုံ)

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဗဟိုကော်မတီဝင်များ၊ ရတနာပြပွဲဗဟို ကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ခေတ္တဦးဆောင် ညွှန်ကြားရေးမှူးဦးသိန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ရတနာပစ္စည်းများရောင်းချရမှု အခြေအနေနှင့် ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချရန် ကျောက်မျက် ရတနာများအတွဲ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲဆပ်ကော်မတီများကလည်းကောင်း၊ (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံရေးရာ ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၀၅ခုနှစ် (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ၇ ရက်အထိကျင်းပရန်သတ်မှတ်အတည်ပြုကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အထွေထွေပိုင်းတွင် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံခြားငွေ ပိုမိုတိုးတက်မြင့်မားစွာ ရောင်းချနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရတနာပြပွဲ ဗဟို ကော်မတီဝင်များ၏ ဆွေးနွေး တင်ပြ ချက်များနှင့်စပ်လျဉ်း၍လိုအပ် ချက်များကို ဖြည့်ဆည်းမှာကြားပြီး (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ချောမောအောင်မြင်စေရန် အတွက် ညှိနှိုင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

မြဝတီသာသနာ့ရိပ်သာ ရဟန်းခံ၊ရှင်ပြု သီလရှင်ဝတ်ပွဲ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည် မြဝတီ သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပသော (၁၄)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တစ်လသင်တန်းကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပ မည်ဖြစ်ရာ ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်ဝတ်လိုသူ များနှင့် ယင်းအလှူတော်မင်္ဂလာပွဲတွင် သင်္ကန်းပရိက္ခရာ၊ သီလရှင်ဝတ်စုံ၊ အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ အချိုပွဲ၊ ညနေ ဖျော်ရည်တို့ကို လှူဒါန်းလိုပါက မဟာစည် မြဝတီသာသနာ့ရိပ်သာ ဖုန်း-၅၇၂၆၆၄သို့ ဆက်သွယ် စာရင်း ပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုယ်စားလှယ်ကြီးများအနေဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများကို ဘေးဖယ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော တူညီသည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းခဲ့

■ ရှေ့ဖုံးမှ

အခြေခံမူများကို အောင်အောင်မြင်မြင်ဖြင့် ချမှတ်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

အောင်အောင်မြင်မြင်ချမှတ်နိုင်ခဲ့

အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံးဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော ခက်မသုံးဖြာတွင် ဥပဒေပြုရေးကဏ္ဍသည် နက်နဲကျယ်ဝန်းပြီး အာဏာခွဲဝေမှုအပိုင်း၌ ဝိဝါဒကွဲပြားစရာများ တွေ့လာနိုင်ကြောင်း၊ သို့သော်ငြားလည်း ကိုယ်စားလှယ်ကြီးများ အနေဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများကို ဘေးဖယ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော တူညီသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်း ညှိနှိုင်းဆွေးနွေး အကြံပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ ဥပဒေပြုရေးအပိုင်း၌ အခက်အခဲမရှိဘဲ အသေးစိတ်အခြေခံရမည့် မူများကို အောင်အောင်မြင်မြင်ဖြင့် ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဆက်လက်ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍတို့အတွက် အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များကို ညီလာခံ ကိုယ်စားလှယ်ကြီးများ အလွယ်တကူ စဉ်းစားဆုံးဖြတ်နိုင်ရန် ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ အမှန်မှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များသည် မိမိတို့နိုင်ငံတွင် တစ်ချိန်က ရှိခဲ့ဖူးသည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီကျင့်သုံးသော အနောက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အချိန်ယူလေ့လာပြီး မိမိတို့နိုင်ငံအခြေအနေ၊ ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ကိုက်ညီသည့် ကောင်းမွန် သင့်လျော်သောအချက်များကို ရွေးချယ်ထုတ်နုတ်တင်ပြထားခြင်းဖြစ်၍ ကိုယ်စားလှယ်တော်ကြီးများအတွက် အလွယ်တကူ အခက်အခဲမရှိဘဲ စဉ်းစားဆုံးဖြတ်နိုင်ကြမည်ဖြစ်ပါကြောင်း။

ညှိနှိုင်းဆွေးနွေးနေကြပြီ

ယခုအခါ ကိုယ်စားလှယ်ကြီးများအနေဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များအပေါ် အစုအဖွဲ့အလိုက် မိမိတို့သက်ဆိုင်ရာ အစည်းအဝေးခန်းမ အသီးသီး၌ ညှိနှိုင်းဆွေးနွေးနေကြပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ကိုယ်စားလှယ်ကြီးများ စိတ်အေးချမ်းသာစွာ ညှိနှိုင်းဆွေးနွေးအကြံပြုနိုင်ကြရန်အတွက် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေး၊ သွားရေးလာရေး၊ စားသောက်ရေး၊ ကျန်းမာရေးမှအစ အခက်အခဲမရှိရအောင် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့ အမျိုးသားညီလာခံနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပမှ အဆိုးမြင် ဝါဒီသမားများ၏ စွပ်စွဲပုတ်ခတ်လုပ်ကြံဖန်တီးပြီး အခြေအမြစ်မရှိသည့် သတင်းမီဒီယာများ၏ သတင်းများ၊ အဖျက်အမှောင့်လုပ်ရပ်များကို ဂရုမူ အလေးထားမနေဘဲ နိုင်ငံတော်၏ရှေ့ရေးအတွက် စေတနာထားပြီး သမိုင်းတွင်ရစ်မည့် မိမိတို့၏ ကြိုးပမ်း ဆောင်ရွက်ချက်များကို အားသွန်ခွန်စိုက် မတွန့်မဆုတ် ရဲရဲဝံ့ဝံ့နှင့် လုပ်ဆောင်သွားကြရန်လိုကြောင်း။

ယုံကြည်ချက်အပြည့်ဖြင့်ကြိုးပမ်း

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် ကျင့်သုံးမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာများနှင့်ပတ်သက်ပြီး ညီလာခံကိုယ်စားလှယ်များကိုသာမက ပြည်သူတစ်ရပ်လုံးကိုပါ သိရှိအောင် ရေဒီယို၊ သတင်းစာ၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ချပြထားပြီးဖြစ်သည့်အတွက် ပြည်သူများအနေဖြင့်လည်း အနာဂတ်တွင် ဒီမိုကရေစီစနစ်ကျင့်သုံးမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပုံသဏ္ဌာန်ကို ယခုအခါတွင် မြင်တွေ့နေကြရပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ဒီမိုကရေစီရေးကြိုးပမ်းဖော်ဆောင်မှုများသည် အနှောင့်အယှက်၊ အဟန့်အတား အခက်အခဲများကြားက ဖော်ဆောင်နေကြရသော်လည်း ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုများကြောင့် ယင်းအနှောင့်အယှက်အဟန့်အတား အခက်အခဲများကို ကျော်လွှားပြီး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဆိုသည့် ယုံကြည်ချက်အပြည့်နှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများကို ပုံနှိပ်စာအုပ်ရိုက်နှိပ်ပြီး အမျိုးသား ညီလာခံကိုယ်စားလှယ်များအား ဖြန့်ဝေပေးမည့်ကိစ္စနှင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီက ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အစည်းအဝေးတက်ရောက်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပုံညာတောင်ဥမင်ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးဖေသန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မတ်၈ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်းများအားတွေ့ဆုံပြီး ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာနှစ် လုပ်ငန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်ဖြူရှင်တံတားသို့ ရောက်ရှိ၍ မြန်မာ့မီးရထား တိုင်းအမှတ်(၂)မှ အရာထမ်းများနှင့် ပခုက္ကူဒေသရှိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တိုင်းအရာရှိများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို မှာကြားပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုံညာတောင်ဥမင်နှင့်ဥမင်အဝင်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကျောချောင်းကူးရထားတံတားမှတစ်ဆင့် ပုံညာတောင်၏ အရှေ့ဘက်ဥမင်သို့ အဝင်ရထားလမ်း တာပေါင်လုပ်ငန်းများကိုလည်းကောင်း၊ မုန်တိုင်းချောင်းတွင် အကျယ် ၁၅ ပေ၊ အလျားပေ ၂၀၀ ရှိ မြင်းခွာပုံတံတား သုံးလုံးတွဲတည်ဆောက်သည့် လုပ်ငန်းကို လည်းကောင်း၊ ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်းရှိ ကားလမ်းကူးရထားလမ်း တံတားသံချည်ခြင်း လုပ်ငန်းနှင့် တံတားအပြီးသတ်လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းပေးသည်။

မှာကြားဖြည့်ဆည်း

ဒုတိယဝန်ကြီးသည် မတ်၉ရက်တွင် ပုံညာတောင် ဥမင်အဝင်လမ်း အနောက်ဘက်အပိုင်းရှိ ရထားလမ်း တာပေါင် မြေကြီးလုပ်ငန်းများကိုလည်းကောင်း၊ ရေမျက်နီချောင်း၌ အကျယ် ၁၅ပေ၊ အလျားပေ ၂၀၀ အရွယ် မြင်းခွာပုံ ကွန်ကရစ်တံတား သုံးလုံးတွဲ တည်ဆောက်ခြင်း လုပ်ငန်းနှင့် အရှည်ပေ၆၀ ကွန်ကရစ်တံတား တည်ဆောက်ရန်'ကေဆွန်'အုတ်မြစ် တူးခြင်းလုပ်ငန်းတို့ကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးသည့် တံတားများကိုလည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုံညာတောင်ဥမင်အတွင်းသို့ဝင်ရောက်ကာ ဘေးနံရံနှစ်ဖက်ကို လိုအပ်သည့်အကျယ်သို့ရောက်အောင် ချဲ့တူးခြင်း၊ တူးဖော်ရာမှထွက်ရှိလာသော ကျောက်များကို ပြင်ပသို့ သယ်ထုတ်ခြင်း၊ နံရံပိုင်းကို ကွန်ကရစ်လောင်းနိုင်ရန် သံချည်ခြင်း၊သံပေါင်များဖြင့် Form Work ပုံစံပြုလုပ်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းအဆင့်ဆင့်ကို အသေးစိတ် ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ပုံညာတောင်ဥမင်အတွင်း ဘေးနံရံအတွင်းအား သံကူကွန်ကရစ်လောင်းရန် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းမူလတန်းကြို ကျောင်းပေါင်းစုံ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မူလတန်းကြိုကျောင်းပေါင်းစုံ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မတ် ၁၁

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ် ဗဟိုလမ်းရှိ မူလတန်းကြိုကျောင်း အမှတ်(၄)ရှိ ကျောင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကာယ၊ ဉာဏ ကျောင်းတွင်းလုပ်ငန်းစွမ်းရည် ပထမတံခွန်စိုက်ဆုရရှိသော မူလတန်းကြိုကျောင်းအမှတ်(၁)၊ ဒုတိယတံခွန်စိုက်ဆုရရှိသော မူလတန်းကြိုကျောင်းအမှတ်(၅)၊ ပူးတွဲတတိယ တံခွန်စိုက်ဆုရရှိသော မူလတန်းကြိုကျောင်း အမှတ်(၄) နှင့် ကန်ရိပ်သာမူလတန်းကြိုကျောင်းများကို ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ကျောင်းများအလိုက် ဉာဏစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆု၊ ကျောင်းတွင်း လုပ်ငန်းစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆု၊ ကျောင်းတွင်း ကျောင်းပြင် စိမ်းလန်းစိုပြည် သာယာမှုဆု၊ ကလေးများအား သင်ကြားလေ့ကျင့်မှုစွမ်းရည်ဆု၊ ဝန်ထမ်းများစွမ်းရည်ဆုနှင့် မူကြိုရင်သွေးငယ်များ၏ အက၊ သီချင်း၊ ကဗျာ၊ ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ဝန်ကြီး၏ဇနီးဒေါ်ခင်အေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ဂုဏ်ပြုလွှာများပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ရင်သွေးငယ်များက အက၊ သီချင်း၊ ကဗျာ၊ ပုံပြင်များဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်–ပုသိမ်–မော်တင်စွန်းဘုရားပွဲ "ရွှေမန်းသူ" ယာဉ်ပြေးဆွဲမည်

ရန်ကုန် မတ် ၁၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ မြတ်မော်တင်(မော်တင်စွန်း)ဘုရားပွဲတော်သို့ ရန်ကုန်မြို့မှ ဘုရားဖူးရဟန်းရှင်လူများ လွယ်လင့်တကူ သွားရောက်ဘုရားဖူးနိုင်ရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ "ရွှေမန်းသူ– ပုသိမ်သူ"အဆင့်မြင့်မှန်လုံ Air Con ယာဉ်များဖြင့် ပြေးဆွဲပေးမည်။

ထိုသို့ပြေးဆွဲရာတွင် ရန်ကုန်မှ ပုသိမ်၊ ၎င်းမှ ငဝန်မြစ်ကူးတံတားသစ်အားဖြတ်၍ ငွေဆောင်လမ်းခွဲမှတစ်ဆင့် မော်တင်စွန်းဘုရားသို့ တိုက်ရိုက်ပြေးဆွဲမည်ဖြစ်ကြောင်း လိုက်ပါလိုသူများ ပါရမီလမ်း ရွှေမန်းသူကားဝင်း ဖုန်း–၅၇၃၂၅၉၊ ၅၇၉၆၅၅ နှင့် ၅၆၁၃၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ဓမ္မသဘင်

ရန်ကုန် မတ် ၁၁

သီတဂူဆရာတော်ကြီး၏တပည့် သီတဂူကြယ်တစ်ပွင့် အရှင် ပညာနန္ဒသည် မတ် ၂၇ ရက်ညတွင် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ရွာ၊ ၂၈ ရက်ညတွင် မန္တလေး တမ္ပဝတီရပ် ရှင်ပြုပွဲ၊ ၂၉ရက်နှင့်၃၀ရက်ညတွင် နတ်တလင်းမြို့၊ မတ် ၃၁ ရက်နှင့်ဧပြီ ၁ ရက်ည စစ်ကွင်းမြို့၊ဧပြီ၂ရက်ညတွင် ထ/၁၆ ရပ်ကွက် ရွှေပြည်သာမြို့နယ် ရန်ကုန်၊ ၃ ရက် (ဆည်းဆာ)တွင် အမှတ် ၁၆ ရပ်ကွက် လှိုင်မြို့နယ်နှင့် ည ၈ နာရီတွင် ထ/၁၆ ရပ်ကွက် ရွှေပြည်သာမြို့နယ် ရန်ကုန်၊ ၄ ရက်ညတွင် ဒေးဒရဲမြို့၊ ၅ ရက်ညတွင် (ပ)ရပ်ကွက် ရွှေပြည်သာ ရန်ကုန်၊ ၆ရက်ည တွင် ပေါက်ကုန်းရပ် မင်္ဂလာဒုံ မြို့နယ်၊ ၇ရက်နှင့် ၈ ရက်ညတွင် ၁၆/၃ ဓမ္မာရုံ သဃ်န်းကျွန်းမြို့နယ်၊ ၉ရက်ညတွင် ထေရဝါဒသာသနာပြုကျောင်း နန်းရှေ့ မန္တလေးမြို့၊၁၀ ရက် ညတွင် ကံသစ်ရွာ ရေစကြိုမြို့၊ ၁၁ ရက်ညတွင် ခင်မွန်ရွာ ချောင်းဦးမြို့နယ်နှင့် ၁၂ရက်ညတွင် သုမနဓမ္မဗိမာန် ရန်ကုန်ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr. Charles J. Petrie နှင့် ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Caroll C. Long ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာ စံပြကျေးရွာ၌ ဖွား/သေစာရင်းနှင့် အသက်အလိုက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား UNHCR ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် မတ် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် UNHCR (ရန်ကုန်)မှ ဌာနေကိုယ်စားလှယ် Mr. Rajiv Kapur သည် အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးများရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၁

မော်လမြိုင်တက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မကြာမီစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးရဲမြင့် ဖုန်း– ၂၂၅၀၇၆နှင့်၂၁၂၁၈၅တို့သို့ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က–ပ)

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့်ယူနီဆက်ဌာနေကိုယ်စားလှယ် သန်လျင်မြို့နယ်နှင့်ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်လေ့လာ

ရန်ကုန် မတ် ၁၁

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr. Charles J. Petrie နှင့် ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Caroll C. Long တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာနှင့် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာစံပြကျေးရွာတို့သို့ သွားရောက်၍ ဖွား/သေစာရင်းနှင့် အသက်အလိုက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ကုလသမဂ္ဂညှိနှိုင်းရေးမှူးနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၉ နာရီခွဲတွင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာသို့ ရောက်ရှိကြရာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်စံတင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဗိုလ်မှူးမျိုးတင့်၊သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ပင်ကွင်းကျေးရွာမှ ပြည်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ပင်ကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရန်ကုန်တောင်ပိုင်းခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ဘုန်းက စစ်ပင်ကွင်းကျေးရွာ၏အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ အသက်အုပ်စုအလိုက် လူဦးရေ၊ ကိုးကွယ်သည့် ဘာသာအလိုက်၊ အလုပ်အကိုင် အမျိုးအစားအလိုက်၊ နေထိုင်သည့်လူမျိုး၊ စစ်ပင်ကွင်းကျေးရွာမှ တပ်မတော်၌ လက်ရှိတာဝန်ထမ်းဆောင်နေသူများ၊သာသနာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝင်းက သန်လျင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဖွား/သေစာရင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကုလသမဂ္ဂညှိနှိုင်းရေးမှူးနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့သည် မွေးဖွားမှုလက်မှတ်ထုတ်ပေးခြင်း၊ သေဆုံးမှုလက်မှတ်ထုတ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သက်သေခံကတ်ပြား၊ မွေးဖွားကြောင်း အထောက်အထား လက်မှတ်အပိုင်း (၁၊၂၊၃)၊သေဆုံးခြင်းအထောက်အထား လက်မှတ်အပိုင်း (၁၊ ၂၊ ၃) ပုံစံများကို ကြည့်ရှုလေ့လာကြပြီး သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကုလသမဂ္ဂညှိနှိုင်းရေးမှူးနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့သည် စစ်ပင်ကွင်းကျေးရွာ ကျေးလက် ကျန်းမာရေး ဌာနခွဲ၌ ဖွား/သေစာရင်းများ ပြုစုထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ကုလသမဂ္ဂညှိနှိုင်းရေးမှူးနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့သည် ကျောက်တန်း မြို့နယ် ညောင်ဝိုင်း ကျေးရွာအုပ်စု မြိုင်သာယာ စံပြကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျောက်တန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာညီညီမင်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ နွယ်နီအုန်းတို့က ကျောက်တန်းမြို့နယ် အတွင်း၌ ကျန်းမာရေးဦးစီးဌာနက လူတစ်ဦး မွေးဖွားသည်မှ သေဆုံးသည်အထိ ဖွား/သေ စာရင်းများပြုစုထိန်းသိမ်းထားရှိမှုများကို တင်ပြကြပြီး ၎င်းတို့၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

(သတင်းစဉ်)

ကွန်ပျူတာဇာတာဖတ်နည်း ဟောနည်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၁

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းနှင့် မြန်မာနိုင်ငံနက္ခတ်ဗေဒင် ပညာရှင်များအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကွန်ပျူတာ ဇာတာဖတ်နည်း၊ ဟောနည်းသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ကျင်းပရာ ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က ကွန်ပျူတာ ဇာတာဖတ်နည်း၊ ဟောနည်းတို့သည် ကိုယ်ပိုင်ပညာရပ်များဖြစ်ပြီး လက်တွေ့အကျိုးပြုသည့် အသက်မွေးမှုပညာရပ်ဖြစ်ကြောင်း၊ အဆင့်မြင့်နက္ခတ်ပညာရပ်များကိုလည်း ဆက်လက်ပို့ချပြီး လေ့လာဆည်းပူးစေလိုကြောင်း၊ အမျိုးသမီးဂေဟာများနှင့် အမျိုးသမီးများ ပြန်လည်ပျိုးထောင်ရေးတို့တွင် ယင်းပညာရပ်များကို သင်ကြားပို့ချပေးစေလိုကြောင်းနှင့် လေ့ကျင့်ပညာသင်ကြား ပို့ချပေးသော မြန်မာနိုင်ငံနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့အား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်က အမျိုးသမီးဂေဟာနှင့်အမျိုးသမီးများပြန်လည်ပျိုးထောင်ရေးကိစ္စများတွင်လည်း အဖွဲ့အနေဖြင့် ပါဝင်လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်းနှင့် ကူညီပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

UMFCCI AGM Exhibition-2005 ခင်းကျင်းပြသမည်

ရန်ကုန် မတ် ၁၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၂ ရက် မွန်းလွဲ၁နာရီတွင်ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေး ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာ၌ အသင်းချုပ် အသင်းဝင်ကုမ္ပဏီများက ထုတ်လုပ်သည့် ပြည်ပပို့ကုန် အဆင့်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို UMFCCI AGM Exhibition-2005 အဖြစ် မတ်၁၂ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်း ပြသမည်ဖြစ်ရာ အများပြည်သူများ လာရောက် ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိကို သတိနှင့်သုံး ဘဝတစ်လျှောက်လုံး ချမ်းသာမည်

တက္ကသိုလ်မြတ်သူ

လူတို့သည် အခြားသက်ရှိသတ္တဝါများထက် သာသောအချက်မှာ အသိဉာဏ်မြင့်မားခြင်းနှင့် အသိဉာဏ်ကို ကောင်းစွာအသုံးချတတ်ခြင်း ဖြစ်သည်။ ဦးနှောက်ရှိလျှင် အသိဉာဏ်ရှိသည်ဟု အလွယ်တကူ ပြောနိုင်သော်လည်း ဦးနှောက်ရှိတာချင်းတူလျက် အသိဉာဏ်အဆင့်အတန်းချင်း တူညီမှုမရှိသည်ကိုမူ အားလုံးက လက်ခံကြရပေသည်။ တိရစ္ဆာန်တို့သည် ဦးနှောက်ရှိပါလျက် လူကဲ့သို့ အသိဉာဏ်မျိုး မရှိ။ အသိဉာဏ်ကို ကောင်းစွာအသုံးမချနိုင်ပေ။ ဦးနှောက်ရှိသော လူသားအချင်းချင်းပင် အသိဉာဏ်ရည်ချင်း မတူညီတတ်ကြချေ။

လူ့ဦးခေါင်းခွံအတွင်းမှ ဦးနှောက်သည် ဦးခေါင်းခွံ၊ အမြှေးပါးများနှင့် ဦးနှောက်မြေးရည်များ ဝန်းရံထားလေသည်။ နူးညံ့လွန်းသည့်အပြင် လူတို့အတွက် အရေးပါလွန်းသောကြောင့် ဦးနှောက်ကို ဤသို့ ကာကွယ်ပေးထားရခြင်း ဖြစ်ပေသည်။ ဦးနှောက်သည် တစ်ပိဿာနီးပါးခန့် အလေးချိန်ရှိသည်။ အမျိုးသားများ၏ ဦးနှောက်များက အမျိုးသမီးများ၏ ဦးနှောက်များထက် ပိုကြီးသည်။ ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်းမှာ ဦးနှောက်အလေးချိန်ကြီးခြင်းနှင့် မဆိုင်။ ဦးနှောက်အတွင်းရှိ ဦးနှောက် ကလာပ်စည်းအရေအတွက်၊ ဦးနှောက် ကလာပ်စည်းများအလုပ်လုပ်ပုံနှင့် လေ့ကျင့်အသုံးချမှုအပေါ် မူတည်လေသည်။

ဦးနှောက်တစ်ခုတွင် ကလာပ်စည်းသန်းပေါင်း ၁၂၀၀၀ ခန့် ပျမ်းမျှစီ ရှိကြသည်။ ဦးနှောက်ကလာပ်စည်းများသည် လျှပ်စစ်ဓာတ်ကူးခြင်းဖြင့် အလုပ်လုပ်ကြသည်။ ကလာပ်စည်းတို့က ထုတ်လုပ်လိုက်သော လျှပ်စစ်ဓာတ်အားစုစုပေါင်းပမာဏသည် ဖယောင်းတိုင်၂၅ တိုင်အားနှင့် ညီမျှသည်ဟု ဆေးသိပ္ပံပညာရှင်များက ဆိုပါသည်။ တစ်စက္ကန့်တိုင်း၊ တစ်စက္ကန့်တိုင်း လျှပ်စစ်ဓာတ်ဖြင့် အာရုံပေါင်း သန်း ၁၀၀ ခန့် ဦးနှောက်တွင်း၌ လှည့်လည်နေပေသည်။

ဦးနှောက်တွင် အစိတ်အပိုင်း ငါးခုရှိသည်။ ဦးနှောက်ကြီး၊ ဦးနှောက်ကလေး၊ ပေါင်းကူးဦးနှောက်၊ ချဉ်ဆီဦးနှောက်၊ ကြားဦးနှောက်တို့ ဖြစ်သည်။ ချဉ်ဆီဦးနှောက်မှာ ကျောရိုးကြီးအတွင်းရှိ အာရုံကြောကြီးနှင့် ဆက်ထားသည်။ လူတစ်ကိုယ်လုံး အလေးချိန်၏ ၂ ရာခိုင်နှုန်းမျှသာရှိသော ဦးနှောက်သည် ခံစားမှု၊ စေစားမှု၊ စဉ်းစားမှု၊ မှတ်ဉာဏ်၊ တွေးခေါ်ဉာဏ်တို့နှင့် သက်ဆိုင်သည်။ အခြားအင်္ဂါအစိတ်အပိုင်းများ ပုံမှန်လှုပ်ရှားလုပ်ကိုင်နေစေရန်လည်း ဦးနှောက်က ထိန်းချုပ်ကွပ်ကဲသည်။ ခန္ဓာကိုယ်တစ်ခုလုံးကို ချုပ်ကိုင်နိုင်သော အစိတ်အပိုင်း ဖြစ်လေသည်။

ဦးနှောက်၏ အရေးပါမှုအရ တစ်ကိုယ်လုံးသို့ဖြန့်သော သွေးအားလုံး၏ လေးပုံတစ်ပုံကို ဦးနှောက်က ရယူသုံးစွဲနေရသည်။ သွေးကြောများပြားသော ဦးနှောက်သည် ခုနစ်စက္ကန့်ကြာလျှင် ဦးနှောက်သွေး တစ်ပတ်လည်၍။ ဦးနှောက်သွေးကြောများ မကောင်းလျှင် ဦးနှောက်အတွင်း လည်ပတ်အသုံးပြုရန် သွေးအလုံအလောက်မရဘဲ ဒုက္ခပေးတတ်သည်။ ဦးနှောက်သို့ နှစ်မိနစ်ကြာ သွေးမရောက်လျှင်ပင် မျက်စိများ ပြာဝေကာ မူးတတ်သည်။ ထို့ကြောင့် ဦးခေါင်းကို မထိခိုက်မိစေရန် သတိပြုကြရသည်။

ဦးနှောက်သည် တခြားအင်္ဂါအစိတ်အပိုင်းများ၏ မကျန်းမာမှုဒဏ်ကိုလည်း ခံစားရသည်။ ဉာဏ်ကောင်း မကောင်းမှာ ဗီဇမျိုးရိုး၊ မွေးရာပါဦးနှောက်၏ အစွမ်းသတ္တိ၊ အလုပ်လုပ်ပုံတို့အပေါ်တွင် အဓိကတည်မှီသော်လည်း လေ့ကျင့်မှုနှင့် အသုံးချမှု မှန်ကန်ကောင်းမွန်လျှင် ဉာဏ်ရည်ထက်လာတတ်သည်။ ဦးနှောက်ကို အသုံးချလွန်း၍ ဦးနှောက်မပျက်နိုင်။ အသုံးချမှု လွဲမှားမှုကြောင့် ဦးနှောက်ပျက်ခြင်း၊ ရူးရခြင်းများ ဖြစ်သည်။ ဦးနှောက်ကို အသုံးချလေ ကောင်းလေဟု ဆေးပညာရှင်ကြီးများက ဆိုကြသည်။

စိတ်ပညာနယ်ပယ်တွင်မူ အာရုံသိခြင်းဟူသည် ဒွါရခြောက်ပေါက်မှ ဝင်ရောက်လာသော အာရုံများကို မိမိ၏စိတ်ဖြင့်သာသိခြင်းကို ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။ အရာဝတ္ထုတစ်ခုကို မြင်ရသောအခါ ထိုအရာဝတ္ထုမှ ရောင်စဉ်လှိုင်းများသည် မျက်စိ၏ လင်းမှန်မှတစ်ဆင့် မြင်လွှာပေါ်သို့ ကျရောက်သည်။ မျက်စိမြင်လွှာထဲတွင် အရောင်ကို အာရုံခံနိုင်သော‘Cone’များ၊ အဖြူအမည်းကို အာရုံခံနိုင်သော‘Rod’များ ရှိသည်။ ယင်းရော့နှင့် ကုံးတို့က ဓာတုဗေဒ ပြောင်းလဲမှုများဖြစ်ပေါ်စေရာ အမြင်ဆိုင်ရာ နာဗ်ကြောကြီးမှတစ်ဆင့် ဦးနှောက်ရှိ အမြင်ဆိုင်ရာနေရာသို့ ပို့ပေးသည်။ ယင်းသို့မြင်ရသော အရာဝတ္ထုသည် မည်သည့်အရာဝတ္ထု ဖြစ်သည်၊ အရွယ်၊ ပုံသဏ္ဌာန်၊ အရောင်အဆင်းတို့ကို ဦးနှောက်က သိ၏။ သိပုံကား အနံ့၊ အထိ၊ အတွေ့၊ အမြင်၊ အကြားဟူသော အာရုံတို့ဖြင့် သိခြင်းဖြစ်သည်။

အာရုံသိမှုနောက်ကွယ်တွင် သိမှုသက်သက်သာမက ခံစားမှုနှင့် ပညာတို့လည်း ပါဝင်နေသည်။ မိမိမြင်ရသောအရာမှာ ပန်းတစ်ပွင့်ဖြစ်သည် ဆိုပါစို့။ မည်သည့်ပန်း၊ မည်သည့်အရောင်အဆင်း၊ မည်သည့်ပုံသဏ္ဌာန်မှန်း သိကြသည်။ ထို့နောက် ထိုပန်းကို ကြိုက်နှစ်သက်ခြင်း ရှိ၊မရှိမှာ ခံစားချက်ဖြစ်သည်။ ပညာသိ၊ သညာသိအရမူ ထိုပန်းကို ခူးပြီး၊ ဝယ်ပြီး ပန်လိုသည်။ ဘုရားကပ်လှူလိုသည်။ ချစ်သူသို့ လက်ဆောင်ပေးလိုသည်။ ထိုပန်းရှေ့ချပြီး ပန်းချီဆွဲမည်၊ ဓာတ်ပုံရိုက်မည်၊ စာဖွဲ့မည်၊ ရုက္ခဗေဒဘာသာရပ်အတွက် လေ့လာမည် စသည့် ဆန္ဒ၊ ဆုံးဖြတ်ချက်၊ လက်တွေ့အကောင်အထည်ဖော်မှုများ ရှိလာသည်။ အချို့က သညာအသိဖြင့် ဘာပန်းမှန်းသိရုံကြည့်ပြီး ဆက်လက်စိတ်မဝင်စား၊ ပညာသိအဆင့်အထိ ရောက်မလာတတ်ကြပေ။

သိမှုတွင် နားလည်ခြင်း၊ တတ်သိခြင်း၊ ပညာစသည့် အရည်အချင်းများ ရှိသည်။ သိမှုနှင့်ဆက်စပ်၍ ဆန္ဒ၊ ရမ္မက်၊ စေ့ဆော်မှု၊ လိုအင်ပြုမူမှု စသည်တို့ ဖြစ်ပေါ်စေသည်။ သာယာခြင်း၊ နာကျင်ခြင်း၊ စက်ဆုပ်ခြင်း၊ အာရုံအမျိုးမျိုးခံစားခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဝေဖန်အကဲဖြတ်ခြင်း စသည်တို့ကိုလည်း ဖြစ်ပေါ်တတ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာကိုဖွင့်ဆိုပြကြသော ဆရာများကမူ စိတ်ဆိုသည်မှာ သိတတ်သော သဘောတရား ဖြစ်သည်။ စိတ်ကို နာမ်ဟူ၍လည်း ခေါ်သည်။ လူသည် သိသည်။ သိခြင်းသည်စိတ်ရှိ၍ ဖြစ်သည်။ စိတ်မရှိဘဲ ရုပ်ချည်းသက်သက်၊ လူသေသွားသောအခါမျိုး၌ သိခြင်းဟူသည် မရှိတော့ပေ။ ထို့ကြောင့် စိတ်ဟူသည် သိတတ်သော သဘောတရားပင် ဖြစ်သည်။ စိတ်က သိသည်မှာ အာရုံသိပင် ဖြစ်သည်။

မည်းသည်၊ ဖြူသည်၊ နီသည်၊ ဝါသည်၊ လှသည်၊ ချောသည်၊ အရုပ်ဆိုး အကျည်းတန် စသည့် အဆင်းရူပါကိုသိသော ရူပါရုံ။ အသံကောင်းသည်၊ အသံပြာသည်၊ အသံကြည်သည်၊ အသံစူးသည် စသည့် သဒ္ဒါအသံကိုသိသော သဒ္ဒါရုံ။ မွှေးသည်၊ ကြိုင်သည်၊ နံသည်၊ ချဉ်စူးစူးနံသည်၊ ညှော်နံသည်၊ ယမ်းစော်နံသည်၊ ပုပ်စော်နံသည် စသည်ဖြင့် အနံ့ကိုသိသော ဂန္ဓာရုံ။ ချိုသည်၊ ချဉ်သည်၊ ငန်သည်၊ ခါးသည်၊ ဆိမ့်သည် စသည်ဖြင့် အရသာကိုသိသော ရသာရုံ။ နူးညံ့သည်၊ ပျော့ပျောင်းသည်၊ မာကြောသည်၊ ကြမ်းတမ်းသည်၊ စူးရှသည် စသည်ဖြင့် အထိအတွေ့ကိုသိသော ဖောဋ္ဌဗ္ဗာရုံ စသည့် အာရုံများ သိခြင်းကို အာရုံသိဟု ခေါ်သည်။ ယင်းအာရုံငါးပါးအပြင် တွေးတောရင်း ပေါ်လာသော ဓမ္မာရုံကိုပါ ပေါင်းစပ်လျှင် အာရုံခြောက်ပါး ဖြစ်လာသည်။ အာရုံသိတွင် သိမှုမှာ စိတ်၊ ခံစားရသော အနံ့၊ အထိအတွေ့၊ အကြားအမြင်၊ အရသာတို့က အာရုံဖြစ်သည်။ စိတ်၏သိစရာများကို အာရုံဟူ၍ လွှမ်းခြုံနားလည်အပ်ပေသည်။

စိတ်သည် အာရုံများကို သိ၏။ သိရုံမျှသိခြင်းမျိုးသာဖြစ်၏။ ဓာတ်တော်လာ ဥမ္မာဒန္တီသည် ချောမောလှပရာ၌ စံပြုထိုက်သူ ဖြစ်သည်။ ဥမ္မာဒန္တီကို မြင်ရသောအခါ အမြင်နှင့် ဦးနှောက်အသိ (လောကုတ္တရာစာပေအရ စက္ခုဝိညာဉ်ဓာတ်)ပေါင်းစပ်ကာ လှပလွန်းသော မိန်းကလေးအဖြစ် သိသွားသည်။ ယင်းသို့ သိရုံမျှမက လှပ၍ လိုချင်တပ်မက်ခြင်း၊ ချစ်ခင်စုံမက်ခြင်း စသည့် စိတ်ကိုခြယ်လှယ်သော တရားကို စေတသိက်ဟူ၍ ဆရာ့ဆရာများက ဖွင့်ဆိုပြကြသည်။ လယ်တီဆရာတော်ဘုရားကြီးက “စိတ်ကိုမှီတွယ်၊ စိတ်ကိုခြယ်၊ မှတ်ဖွယ်စေတသိက်”ဟူ၍ စာဖွဲ့ညွှန်ပြခဲ့သည်။ သိခြင်း၊ အာရုံသိခြင်း၊ အာရုံသိစိတ်ကိုခြယ်လှယ်ကာ အမြင်၊ ဆန္ဒ၊ ခံစားချက်များဖြစ်ပေါ်စေခြင်း စသည်တို့သည် အသိစိတ်ခရီးလမ်းကြောင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်နှင့်စေတသိက်ပင် ဖြစ်၏။

စိတ်၊ စေတသိက်တို့တွင် ကုသိုလ်အကြောင်းခံခြင်း၊ အကုသိုလ်အကြောင်းခံခြင်းဟူ၍ ခွဲခြားလေ့လာနိုင်သည်။ ကောင်းသောအသိ၊ ကောင်းသောအာရုံသိကိုမှီပြီး ခံစားချက်၊ ဆန္ဒများ ဆက်လက်ဖြစ်ပေါ်ရာ၌ ကောင်းမွန်သောဆန္ဒနှင့် ခံစားချက်၊ ဆိုးယုတ်သောဆန္ဒနှင့် ခံစားချက်ဟူ၍ ဖြစ်ပေါ်တတ်သည်။ ကုသိုလ်စေတသိက်နှင့် အကုသိုလ်စေတသိက်များပင် ဖြစ်သည်။ လူတို့၏ အသိတရား(ဝါ)သိမှုကို ဆေးသိပ္ပံရှုထောင့်၊ စိတ်ပညာရှုထောင့်၊ ဗုဒ္ဓ အဘိဓမ္မာရှုထောင့်တို့မှ ချဉ်းကပ်လေ့လာကြခြင်းဖြင့် သိမှုအကြောင်း ဘက်စုံ ရှုမြင်နိုင်ကြပေသည်။

ဥပဒေအရာတွင် သိရှိနိုင်စွမ်း၊ မြော်မြင်နိုင်စွမ်းမရှိသူများကို ကင်းလွတ်ခွင့်ပြုထားသော်လည်း သိလျက်နှင့် ကျူးလွန်မှုများ၊ အသိနှင့်ယှဉ်လျက် ကျူးလွန်သူများ သိတန်ရာလောက်ပါလျက် ကျူးလွန်သူများကိုမူ ဥပဒေက ခွင့်မလွှတ်ပေ။ ဥပဒေကျူးလွန်ပြီး တိမ်းရှောင်ထွက်ပြေးသူများသည် ပြည်တွင်း၌ ပြေးပြေး၊ ပြည်ပသို့ ပြေးပြေး၊ ဝရမ်းပြေး၊ တရားခံပြေးသာ ဖြစ်သည်။ Crime does not Pay (ရာဇဝတ်ဘေး ပြေးမလွတ်)ဟု ဆိုရိုးစကားရှိသည့်အတိုင်း ဖမ်းမိသော တစ်နေ့တွင် ပြစ်ဒဏ်စီရင်ခံရမည်သာ ဖြစ်သည်။ မည်သည့်အကြောင်းပြချက်ကမျှ ဥပဒေချိုးဖောက်မှုကို မကာကွယ်နိုင်ချေ။ ဥပဒေသဘောတရားအရ ဥပဒေကို မသိနားမလည်၍ ကျူးလွန်ပါသည်ဆိုသော ထုချေချက်များကို အရွယ်ရောက်ပြီး ရူးသွပ်ခြင်းမရှိသူများက တင်ပြနိုင်ခွင့် မရှိချေ။

လူတို့၏ အသိ(ဝါ)သိမှုသည် လူသားများကို ကမ္ဘာဦး၌ ခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်များမှသည် ကွန်ပျူတာခေတ်၊ ဂြိုဟ်တုခေတ်၊ နျူကလီးယားခေတ်၊ အိုင်တီ၊ အိုင်စီတီ စသည့် ခေတ်မီသတင်းပြန်ကြားဆက်သွယ်ရေးခေတ်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့်လည်း သိမှုမြင့်မားသည့် လူသားတို့သည် သတ္တလောကတွင် ထိပ်ဆုံးသို့ရောက်နေခြင်း ဖြစ်သည်။

ဤသို့ အသိတံခွန်စိုက်ထားနိုင်သော လူသားတို့တွင် ဉာဏ်ပညာအခြေခံ အလျောက် အသိအနိမ့်၊အမြင့် ကွာခြားမှုရှိနိုင်သော်လည်း အသိအနိမ့်ဆုံး လူသားမှာပင် သိမှုများစွာရှိနေပေသည်။ သိမှု ဖွံ့ဖြိုးတိုးတက်လာသော ယနေ့ကမ္ဘာ့လူသားများသည် အသိဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်အပ်ကြပေသည်။ လူတို့၏ ပကတိဖြူစင်ရိုးသားသော အသိတရားကို လှည့်ဖြားဖျက်ဆီးမှုများ ရှိနေတတ်ပေရာ ပညာသတိနှင့်ယှဉ်၍ အသိတရား(ကိုယ်ပိုင်အသိ) မပျက်ပြားအောင် ကာကွယ်နေကြရပေသည်။ ကောလာဟလ သပ်လျှိုသပ်သွင်း၊ သတင်းလိမ်၊ သတင်းညှာ၊ တီးတိုးဝါဒဖြန့်၊ အပင့်အမြှောက်၊ အခြောက်အလှန့်၊ ကုန်းတိုက်ချောပစ် မုသားသုံးကာ လူတို့၏အသိကို ဖျက်ဆီးတတ်သည့် အပျက်တရားကို အထူးသတိပြုအပ်ပေသည်။ အပျက်တရားဆိုသည်မှာ အဖျက်သမားတို့၏ အားကိုးအားထားပြုရာ လက်နက်ဖြစ်ပေသည်။

ယနေ့ မြန်မာတို့ကိုယ်တိုင် မြင်ရသည်မှာ ပြည်ထောင်စုတစ်ခုလုံး ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးနေခြင်း ဖြစ်သည်။ လမ်းသစ်၊ တံတားသစ်၊ ဆည်တမံသစ်၊ တက္ကသိုလ်ကောလိပ်၊ စာသင်ကျောင်းသစ်၊ ဆေးရုံသစ်များ မမြင်ချင်မှအဆုံး၊ တစ်နိုင်ငံလုံး လက်ညှိုးထိုးမလွဲ ဖြစ်ပေါ် တိုးတက်နေပေသည်။

မြန်မာတို့ကိုယ်တိုင် ခံစားနေရသည်မှာ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်၊ အကျိုးရလဒ်များ၊ အစိုးရအဆက်ဆက် ကြိုးပမ်းသော်လည်း မဖြစ်ထွန်းခဲ့ဘဲ ယနေ့ခေတ်တွင်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ တရားဥပဒေဘောင်အတွင်းသို့ စေတနာစိတ်ထားမှန်ဖြင့် ဝင်ရောက်လာသဖြင့် နိုင်ငံတစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာလာခြင်း၏ ကောင်းကျိုးများပင် ဖြစ်သည်။

ပြည်တွင်းမှ အဖျက်ရန်စွယ်၊ ပြည်ပမှ အဖျက်အန္တရာယ်များက မီဒီယာမျိုးစုံမှ မည်မျှပင်နှောင့်နှောင့် မြန်မာတို့၏ ကိုယ်ပိုင်အသိတရားများကို မထိုးဖောက်နိုင်ချေ။ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်ဦးနှောက်၊ ကိုယ်ပိုင်အသိ၊ အာရုံသိများက အကုသိုလ်စေတသိက်များကို ဖယ်ရှားပစ်နိုင်ပေသည်။ ကိုယ်ပိုင်အသိ၊ အတွေး၊ မြော်မြင်မှုများဖြင့် မိမိတို့၏ သိမှု(ဝါ) အသိတရားကို ကုသိုလ်စေတသိက်၌ တည်နိုင်အပ်ပေသည်။ အမှန်သိ၊ အမှန်မြင်၊ အမှန်တွေးပြီး အမှန်ဆုံးဖြတ်နိုင်ခြင်းသည်ပင် မိမိတို့၏ အသိအရည်အချင်း၊ အဆင့်အတန်းအလံကို လွှင့်ထူနိုင်ခြင်း ဖြစ်ပေသည်။ အသိကို သတိနှင့်ယှဉ်၊ ပညာနှင့် ဆက်စပ်၊ ကုသိုလ်စေတသိက်ဖြင့် ခေါ်ဆောင်နိုင်ကြပါစေ။ သတိဆင့်ကာ အသိမြှင့်နိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရကြောင်းပါခင်ဗျား။ ။

ယနေ့ မြန်မာတို့ကိုယ်တိုင် မြင်ရသည်မှာ ပြည်ထောင်စုတစ်ခုလုံး ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးနေခြင်း ဖြစ်သည်။ လမ်းသစ်၊ တံတားသစ်၊ ဆည်တမံသစ်၊ တက္ကသိုလ်ကောလိပ်၊ စာသင်ကျောင်းသစ်၊ ဆေးရုံသစ်များ မမြင်ချင်မှအဆုံး၊ တစ်နိုင်ငံလုံး လက်ညှိုးထိုး မလွဲ ဖြစ်ပေါ်တိုးတက်နေပေသည်။

မြန်မာတို့ကိုယ်တိုင် ခံစားနေရသည်မှာ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်၊ အကျိုးရလဒ်များ၊ အစိုးရအဆက်ဆက် ကြိုးပမ်းသော်လည်း မဖြစ်ထွန်းခဲ့ဘဲ ယနေ့ခေတ်တွင်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ တရားဥပဒေဘောင်အတွင်းသို့ စေတနာစိတ်ထားမှန်ဖြင့် ဝင်ရောက်လာသဖြင့် နိုင်ငံတစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာလာခြင်း၏ ကောင်းကျိုးများပင်ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“မြန်မာပြည်သား အရှင်ပုဏ္ဏ”**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း-၁)
- ၅း၃၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”**(အပိုင်း-၂၀)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ FA Cup ဘောလုံးပွဲ Boltan Wanders Vs Arsenal

မိမိနယ်မြေဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေအရပ်ရပ်ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံသို့ အသိပေးခွင့်ရှိသင့်

✻ *ကျောဖုံးမှ*

ချမှတ်ပြီးခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

(က) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်း၊
(ခ) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊
(ဂ) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊
(ဃ) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊
(င) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊
(စ) 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်။

ထို့အပြင် ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်ကြသည့်အားလျော်စွာ အဆင့်အတန်း တူညီလာကြသည်ဟူ၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ အသီးသီးဖွဲ့စည်းထားသည်ဟူ၍ လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုရေး၊ အာဏာအပ်နှင်းရေးနှင့်စပ်လျဉ်း၍ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"ဟူ၍ လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာ ခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်း၍ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်"ဟူ၍ လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးမည့် ဥပဒေပြုရေးအာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများကို ယှဉ်တွဲကျင့်သုံးခွင့်ရကြမှာဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းရေးအပိုင်းတွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုပိုင်ခွင့်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့က ဥပဒေပြုပိုင်ခွင့်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း ကဏ္ဍများခွဲခြားလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်ပါကြောင်း။

ထို့အတူ ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးအပိုင်းတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား မိမိတို့နယ်မြေဒေသအတွင်းသာ အကျိုးသက်ရောက်စေသည့် ဥပဒေပြုခွင့်အာဏာကို အောက်ပါကိစ္စရပ်များအတွက် ခွဲဝေအပ်နှင်းရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ (Town and Village Plan)၊
(ခ) လမ်း၊ တံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများထိန်းသိမ်းရေး၊
(ဆ) သစ်တောများ ကာကွယ်ထိန်းသိမ်းရေး၊
(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ။

ဖော်ပြပါ ဥပဒေပြုခွင့်အာဏာကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက လိုအပ်သလို ကျင့်သုံးကြရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများနှင့်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများနှင့်လည်းကောင်း ဆန့်ကျင်မှုမရှိစေရန် သတိပြုကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုဥပဒေများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှသာ အတည်ဖြစ်မှာဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ဦးစီးဦးဆောင်ပြုကြရမည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယင်းသို့ ဦးစီးဦးဆောင်ပြုကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုဥပဒေများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများကို လေးစားလိုက်နာကြရမှာဖြစ်ပါကြောင်း၊ ကျင့်သုံးဆောင်ရွက်ရမည့် အုပ်ချုပ်မှုအာဏာများမှာ ဖော်ပြပါဥပဒေများအရ ဆောင်ရွက်ခွင့်ပြုထားသည့် ကိစ္စရပ်များထက် ကျော်လွန်မှုမရှိဖို့လည်း ဂရုပြုဖို့လိုအပ်ပါကြောင်း။

ထို့ကြောင့် –

– ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာသည် အောက်ပါကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များ၊
(ခ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ၊
(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ဥပဒေပြုခွင့်အာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတို့ကို တစ်ပြိုင်တည်း ယှဉ်တွဲကျင့်သုံးခွင့်ရှိသည့် အဖွဲ့အစည်းများဖြစ်ကြ၍ ယင်းအာဏာများကို ကျင့်သုံးကြရာတွင် မိမိတို့နယ်မြေဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ဟန်ချက်ညီညီ ကျင့်သုံးကြရမှာဖြစ်ပါကြောင်း။

အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိပါကြောင်း၊ ယင်းသို့ ကူညီခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို အထောက်အကူဖြစ်စေမှာဖြစ်ပါကြောင်း၊ သို့မှသာ မိမိနယ်မြေဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို အောင်မြင်ထိရောက်စွာ လုပ်ဆောင်နိုင်မှာဖြစ်ပါကြောင်း။

ထို့ကြောင့်–

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ပြည်ထောင်စုအစိုးရက နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုရန် ဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့ ချမှတ်အတည်ပြုထားသည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို ဆောင်ရွက်နိုင်ရန် ရှေးဦးစွာ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြုစုရေးဆွဲရမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးဆွဲသည့်အခါ ဥပဒေအရ ခွင့်ပြုထားသည့် စည်းကြပ်ကောက်ခံရရှိနိုင်မည့် အခြေအနေများကို ခန့်မှန်းရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း စည်ပင်သာယာရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရမည့် အဖွဲ့အစည်းများဖြစ်သည့်အတွက် ဥပဒေအရ ခွင့်ပြုထားသည့် စည်ပင်သာယာရေး အခွန်အခများ စည်းကြပ်ကောက်ခံရရှိနိုင်မည့် အခြေအနေများကိုလည်း ခန့်မှန်းရေးဆွဲရမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားသည့် နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများပါဝင်သည့် လုပ်ငန်းအစီအစဉ်များကို ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့် မဆန့်ကျင်စေဘဲ ရေးဆွဲထားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ရေးဆွဲရာတွင် မိမိနယ်မြေဒေသအတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို ဦးစားပေးအစီအစဉ်နှင့် ရေးဆွဲထားရှိရမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးဆွဲထားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် အခါအားလျော်စွာ ညှိနှိုင်းမှုများပြုလုပ်ပြီး လျာထားရမည်ဖြစ်ကြောင်း။

ထိုနည်းတူပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံချက်များအတွက် ကုန်ကျမည့် ခန့်မှန်းခြေများကိုလည်း ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ရေးဆွဲပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့၏ပဏာမ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးဆွဲသည့်အခါ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ရငွေ၊ သုံးငွေ၊ သာမန်အသုံးစရိတ်တွင် ရငွေ၊ သုံးငွေများဟူ၍ ခွဲခြားဖော်ပြရမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့၏ နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြီးသည့်အခါ သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကြိုတင်ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြိုတင်ညှိနှိုင်းသည့်အခါ ဖြည့်ဆည်းငွေ မည်မျှရယူလိုကြောင်း၊ ချေးငွေမည်မျှ ရယူလိုကြောင်း၊ အခြားထောက်ပံ့မှုများ မည်သို့ရယူလိုကြောင်း ဆိုသည်များကို အကျိုးအကြောင်းဖော်ပြလျက် ညှိနှိုင်းမှုများပြုလုပ်ပြီး လျာထားရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိ၏ နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းသည့်အခါ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ နှစ်စဉ် အရအသုံး မှန်းခြေငွေစာရင်းကိုပါ တစ်ပေါင်းတည်း တင်ပြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူချက်ရယူရမည်ဖြစ်ကြောင်း၊ ယင်းသို့တင်ပြသည့်အခါတွင် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအတွက် လျာထားချက်ရန်ပုံငွေများကို ဖော်ပြရမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ မိမိတို့နှင့်သက်ဆိုင်သည့် ခွင့်ပြုဘဏ္ဍာငွေများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိမှာဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို အကြောင်းတစ်ခုခုကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းနိုင်ခြင်းမရှိသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနည်းတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံးအတည်ပြုထားသည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ မိမိတို့အတွက် ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်ဘောင်အတွင်း ဆက်လက်သုံးစွဲခွင့် ရှိကြမည်ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေအတွင်း အုပ်ချုပ်ရေးယန္တရားသည် အရှိန်အဟုန်မပျက် ပုံမှန်လည်ပတ်သွားနိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီကျင့်သုံး

❑ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ဥပဒေပြုခွင့်အာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတို့ကို တစ်ပြိုင်တည်း ယှဉ်တွဲကျင့်သုံးခွင့်ရှိသည့် အဖွဲ့အစည်းများဖြစ်ကြ၍ ယင်းအာဏာများကို ကျင့်သုံးကြရာတွင် မိမိတို့နယ်မြေဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ဟန်ချက်ညီညီ ကျင့်သုံးကြရမှာဖြစ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ မိမိနှင့်သက်ဆိုင်သမျှ ဆက်ခံတာဝန်ယူဆောင်ရွက်သွားကြရမည်

စာမျက်နှာ ၁၁ မှ

ထို့ကြောင့်–

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည်–**

(က) **ပြည်ထောင်စုအစိုးရ၏ မူဝါဒများနှင့်မဆန့်ကျင်လျှင် မိမိနယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲလျက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းထားရှိရမည်၊**

(ခ) **နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်ညှိနှိုင်း၍ သဘောတူညီချက် ရယူရမည်၊**

(ဂ) **သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ မိမိနှင့်သက်ဆိုင်သည့် ခွင့်ပြုဘဏ္ဍာငွေကို သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်၊**

(ဃ) **ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခြင်းမပြုနိုင်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခွင့်ပြုချက်ကို အချိန်မီမရရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်**

ဟူ၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

မိမိစောစောက ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များသည် ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရာတွင် လိုအပ်သလို ကူညီရမည့်အပြင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ခန့်အပ်တာဝန်ပေးထားသည့် နယ်ဘက်ဝန်ထမ်းများ ရှိကြမည် ဖြစ်ကြောင်း။

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိနယ်မြေဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စီမံခန့်ခွဲခြင်း ပြုလုပ်ရမှာဖြစ်ပါကြောင်း၊ ဒီကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို ဆက်လက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှာ အခြေပြုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းလာမည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ပြဋ္ဌာန်းလာမည့်ဥပဒေများအရ လည်းကောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များလည်းရှိလာနိုင်ပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်အချိန်တွင် တည်ဆဲဥပဒေများအရ ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိနှင့် သက်ဆိုင်သမျှ ဆက်ခံတာဝန်ယူဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအနေဖြင့် မိမိနယ်မြေဒေသအတွင်း လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိကြသည့် ပြည်ထောင်စုအစိုးရ၏ဝန်ထမ်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ဝန်ထမ်းများအား လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန်အတွက် လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုပြုလုပ်ရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ယင်းသို့ပြုလုပ်ရာတွင် စနစ်တကျ အဆင်ပြေမှုရှိစေရန်နှင့် လုပ်ငန်းချောမောပြေပြစ်စေရန် မည်သည့်အတိုင်းအတာအထိ ကြီးကြပ်ခွင့်ရှိသည်၊ လမ်းညွှန်ခွင့်ရှိသည်၊ ပေါင်းစပ်ညှိနှိုင်းခွင့်ရှိသည်၊ စီမံခန့်ခွဲခွင့်ရှိသည်တို့နှင့်စပ်လျဉ်းပြီး လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စု၏ အကျိုးကိုရှေးရှုလျက် လုပ်ငန်းတာဝန်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့်–

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိနယ်မြေဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့် ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း ပြုနိုင်သည်**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အုပ်ချုပ်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် **"ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့၏ အုပ်ချုပ်မှုအခွင့်အာဏာသည်–**

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ဥပဒေပြုခွင့်ရှိသည့်ကိစ္စရပ်များ၊**

– **ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ၊**

– **သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ သို့ သက်ရောက်ပျံ့နှံ့သည်"**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့ပြုသည့် ဥပဒေများအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့် ပေးအပ်ထားသည့်တာဝန်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်အချိန်တွင် အာဏာသက်ရောက်လျက်ရှိသည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများ အရလည်းကောင်း အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်နှင့် ပေးအပ်ထားသည့် တာဝန်များကိုလည်း ကျင့်သုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ယင်းသို့ ကျင့်သုံးဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအကြား တာဝန်ခွဲဝေဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ယင်းသို့ တာဝန်ခွဲဝေဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စုပေါင်းတာဝန်ရှိကြသည့်အပြင် တစ်ဦးချင်းတာဝန်လည်း ရှိကြရမှာဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း ပြည်ထောင်စုအစိုးရက နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းရာတွင် ကူညီရန်လည်းကောင်း၊ မိမိတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော်ရန်လည်းကောင်း ဆောင်ရွက်ကြရသည့် အဖွဲ့အစည်းများဖြစ်ကြပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် မိမိတို့နယ်မြေဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေအရပ်ရပ်ကိုလည်းကောင်း၊ လိုအပ်နေသည့်ဖြည့်ဆည်းမှုများ၊ ကူညီထောက်ပံ့မှုများကိုလည်းကောင်း ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြအသိပေးခွင့် ရှိသင့်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အခြေအနေအရပ်ရပ်ကိုသိရှိနေပြီး လိုအပ်သည့် ဖြည့်ဆည်းမှုများ၊ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်မှာဖြစ်ပါကြောင်း။

ထို့ကြောင့်–

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံသို့ တင်ပြရမည်**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့သည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြမှသာ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် အခါအားလျော်စွာ လုပ်ငန်းတာဝန်များ ပေးအပ်မှာဖြစ်သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကလည်း မိမိတို့ဆိုင်ရာဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား သင့်လျော်သော လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပေးအပ်လာမှာဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက အခါအားလျော်စွာပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ပေးရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အခါအားလျော်စွာပေးအပ်လာသည့် လုပ်ငန်းတာဝန်များကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အကောင်အထည်ဖော် ထမ်းဆောင်စေသင့်သည်ဟု သုံးသပ်ရပါကြောင်း။

ထို့ကြောင့်–

– **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အခါအားလျော်စွာပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့် ယင်းအခွင့်အာဏာနှင့်ဆက်စပ်လျက်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း။

၁။ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာသည် အောက်ပါကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်–**

(က) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များ၊**

(ခ) **ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ၊**

(ဂ) **သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များ။**

၂။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ပြည်ထောင်စုအစိုးရက နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်။**

၃။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည်–**

(က) **ပြည်ထောင်စုအစိုးရ၏ မူဝါဒများနှင့်မဆန့်ကျင်လျှင် မိမိနယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များကိုရေးဆွဲလျက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်ညှိနှိုင်းထားရှိရမည်၊**

(ခ) **နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်ညှိနှိုင်း၍ သဘောတူညီချက် ရယူရမည်၊**

(ဂ) **သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ မိမိနှင့်သက်ဆိုင်သည့် ခွင့်ပြုဘဏ္ဍာငွေကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်၊**

(ဃ) **ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခြင်းမပြုနိုင်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခွင့်ပြုချက်ကို အချိန်မီမရရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။**

၄။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိနယ်မြေဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းပြုနိုင်သည်။**

၅။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံသို့ တင်ပြရမည်။**

၆။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့် ယင်းအခွင့်အာဏာနှင့် ဆက်စပ်လျက်ရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကျွန်တော် စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့် မသင့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးအကြံပြုကြရန် ထပ်လောင်းမေတ္တာရပ်ခံပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ဘရူနိုင်းဘုရင့်ဖလား (ယူ–၂၁) ဘောလုံးပြိုင်ပွဲ မြန်မာနှင့်လာအိုယနေ့ ပွဲဦးထွက် ယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၁၁

၂၀၀၅ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို မတ်၁၂ရက် **(ယနေ့)**မှစတင်၍ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ် မြို့တော်၌ကျင်းပမည်ဖြစ်ရာ ပွဲဦးထွက်အဖြစ် မြန်မာလူငယ်အသင်းနှင့်လာအိုလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံမှ အသက်(၂၁)နှစ်အောက် လူငယ်လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ၁၀သင်းကို အုပ်စုနှစ်စုခွဲထားရာ အုပ်စု(က)၌ လက်ရှိချန်ပီယံ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်၊ အုပ်စု(ခ)၌ မြန်မာ၊ စင်ကာပူ၊ ဘရူနိုင်း၊ လာအိုနှင့်ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို မတ် ၁၂ရက်မှ ၂၁ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်ကို မတ် ၂၃ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၂၅ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များ ရေးဆွဲထားရာ မတ်၁၂ရက် **(ယနေ့)**တွင် လာအိုနှင့်မြန်မာ၊ ဘရူနိုင်းနှင့်ကမ္ဘောဒီးယား၊ မတ်၁၃ရက်တွင်ဖိလစ်ပိုင်နှင့်မလေးရှား၊ ထိုင်းနှင့်ဗီယက်နမ်၊ မတ်၁၄ ရက်တွင် ဘရူနိုင်းနှင့်လာအို၊ ကမ္ဘောဒီးယားနှင့်စင်ကာပူ၊ မတ်၁၅ရက်တွင် ထိုင်းနှင့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့်အင်ဒိုနီးရှား၊ မတ်၁၆ရက်တွင် လာအိုနှင့် ကမ္ဘောဒီးယား၊မြန်မာနှင့်စင်ကာပူ၊ မတ်၁၇ ရက်တွင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်၊ မလေးရှားနှင့်အင်ဒိုနီးရှား၊ မတ်၁၈ ရက်တွင် စင်ကာပူနှင့်လာအို၊ မြန်မာနှင့်ဘရူနိုင်း၊ မတ် ၁၉ ရက်တွင် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်း၊ မတ် ၂၀ ရက်တွင် ကမ္ဘောဒီးယားနှင့်မြန်မာ၊ စင်ကာပူနှင့် ဘရူနိုင်း၊ မတ်၂၁ရက်တွင် ဗီယက်နမ်နှင့်မလေးရှား၊ အင်ဒိုနီးရှားနှင့်ထိုင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဒုတိယအကြိမ်ဘရူနိုင်းဘုရင့်ဖလား (ယူ–၂၁) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် မတ်၁၀ရက် နံနက်ပိုင်းက ဘရူနိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၂)ဦးခင်မောင်ကြိုင်(ဘဏ္ဍာ/အခွန်)၊ နည်းပြချုပ်အဖြစ်အိုင်ဗင်ကိုလဗ်(ဘူလ်ဂေးရီးယား)၊ လက်ထောက်နည်းပြများအဖြစ် ဂျော်ဂျီယက်ဗ်(ဘူလ်ဂေးရီးယား)နှင့်ဦးကြည်လွင်(မြို့တော်စည်ပင်)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအုပ်စိုးဦး(အား/ကာ)နှင့် စကားပြန်အဖြစ် ဦးသိုက်မင်းထက်တို့က လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမား၁၈ဦးပါဝင်ရာ **(ဂိုး)**ဖြိုးမင်းမောင် (ပို့ဆောင်ရေး)၊ ကျော်မင်းလှိုင် (စွမ်းအင်)၊ **(နောက်တန်း)** ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ ခင်မောင်ထွန်း၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ **(အလယ်တန်း)**ကျော်ဇင်ဝင်း၊ မျိုးမင်းထွန်း၊ မာလ၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ မင်းမင်းထွန်း(စွမ်းအင်)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ **(ရှေ့တန်း)** ရန်ပိုင်၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။

မြန်မာလူငယ်လက်ရွေးစင်အသင်းတွင် ပထမအကြိမ် ဘရူနိုင်းဘုရင့်ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဝင်အသင်းမှ ကျော်ခိုင်ဝင်း၊ ခင်မောင်ထွန်း၊ စိုးလင်းထွန်း၊ ရန်ပိုင်နှင့်ဇော်ဇော်တို့ ပြန်လည်ပါဝင်လာကြသည်။ (၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား ဘောလုံး ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းမှ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ မာလ၊ ဇော်ဇော်၊ ရန်ပိုင်နှင့် ဆန်းဒေးသိန်းတို့ပါဝင်လာကြသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်နေသော အသင်းဖြစ်ပြီး လက်ရွေးစင်အဆင့် အားကစားသမား ၁၀ဦးတိတိ ပါဝင်နေရာ ဗိုလ်စွဲရန် ရေပန်းစားလျက်ရှိသည်။

ပထမအကြိမ်ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ၂၀၀၂ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့ရာ အာဆီယံ ၁၀နိုင်ငံမှ အသက်(၂၁) နှစ်အောက် လူငယ်လက်ရွေးစင် အသင်းများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာလူငယ်အသင်းသည် အိမ်ရှင် ဘရူနိုင်းလူငယ်အသင်းကို ငါးဂိုး–ဂိုးမရှိ၊ မလေးရှားလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိလာအိုလူငယ်အသင်းကိုတစ်ဂိုး–ဂိုးမရှိ၊ ကမ္ဘောဒီးယား လူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ကာ အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီကန်သွင်းပြီးဆုံးဖြတ်ခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ထိုင်းလူငယ်အသင်းက ခြောက်ဂိုး–ငါးဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့ဆုံတွေ့ရာ အင်ဒိုနီးရှားလူငယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဘရူနိုင်းဘုရင့်ဖလား (ယူ–၂၁) ဘောလုံးပြိုင်ပွဲကို ပထမအကြိမ် ကျင်းပခဲ့စဉ်က ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတစ်ရပ်အဖြစ်သာကျင်းပခဲ့ပြီး ယခုနှစ်ပြိုင်ပွဲကိုမူ အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ အာဆီယံ (ယူ–၂၁) လူငယ်ဘောလုံးပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား (ယူ–၂၁) ဘောလုံးပြိုင်ပွဲသည် ဖိလစ်ပိုင်၌ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်ခွင့်ရရှိသောပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ သို့သော် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူတို့သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် အသက်(၂၃) နှစ်အောက် လူငယ်အသင်းများကို မစေလွှတ်ဘဲ အသက်(၂၁)နှစ်အောက်အဖြစ်သီးသန့်ဖွဲ့စည်းထားသော အသင်းများကိုသာ စေလွှတ်မည်ဟု သိရသည်။

ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား (ယူ–၂၁) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ငွေသားဆုချီးမြှင့်မည့် အစီအစဉ်ရှိရာ ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ တစ်သောင်းနှစ်ထောင်၊ ဒုတိယဆုအဖြစ် အမေရိကန်ဒေါ်လာ ခြောက်ထောင်နှင့် တတိယဆုအဖြစ် အမေရိကန်ဒေါ်လာ သုံးထောင်ချီးမြှင့်မည်ဟုသိရသည်။ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ပထမအကြိမ်ပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည်ဖြစ်ရာ ဒုတိယအကြိမ်ပြိုင်ပွဲ၌ ချန်ပီယံဆုဖလားရရှိရေးအတွက် ရည်မှန်းချက်ထားယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယူအီးအက်ဖ်အေဖလားစတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်များစတင် နယူးကာဆယ်အနိုင်ရရှိ၊ မစ်ဒယ်ဘရော့အိမ်ကွင်း၌ ရှုံးနိမ့်

လန်ဒန် မတ် ၁၁

ယူအီးအက်ဖ်အေဖလားစတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၁၀ ရက်က ဆက်လက်ကစားရာ အဝေးကွင်း၌ နယူးကာဆယ်အသင်းက အိုလံပီယာကော့စ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး အိမ်ကွင်း၌ မစ်ဒယ်ဘရော့အသင်းက ဧည့်သည် စပို့တင်းစ္စဘွန်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးကာ ပါးမားအသင်းက ဆီဗီလာအသင်းနှင့် ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

ယူအီးအက်ဖ်အေဖလား လက်ရှိချန်ပီယံ ဗလန်စီယာအသင်း တတိယအဆင့်ရှုံးထွက်ပွဲ၌ ပြိုင်ပွဲမှထွက်ခဲ့ရပြီး ကျန်ထိပ်တန်းအသင်းများလည်း ယူအီးအက်ဖ်အေ တတိယအဆင့်၌ ပင် ထွက်ခဲ့ရသဖြင့် အကြိတ်အနယ်ရှိလာသော စတုတ္ထအဆင့်ပွဲစဉ်များတွင် အင်္ဂလန်မှ နှစ်သင်း၊ အီတလီမှ တစ်သင်းနှင့် ဂရိ၊ ဩစတြီးယားကလပ်အသင်းများသာအပြိုင်နွဲရတော့မည့်အနေအထားဖြစ်နေပြီဖြစ်သည်။

အိုလံပီယာကော့စ်နှင့်နယူးကာဆယ်

ယူအီးအက်ဖ်အေဖလားတတိယအဆင့်တွင် အိမ်ကွင်း အဝေးကွင်းနှစ်ကျော့စလုံး ဆိုချောက်စ်အသင်းကို အနိုင် ကစားခဲ့ပြီး ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင်လည်း လီဗာပူးအသင်းကို အနိုင်ကစားခဲ့သည့် အိုလံပီယာကော့စ်အသင်းသည် မိမိကွင်း ကာရာအစ်ကာကစ်တွင် ဧည့်သည် နယူးကာဆယ်ကို အရှုံးကြီးရှုံးခဲ့ရသည်။

ယူအီးအက်ဖ်အေဖလား စတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အိုလံပီယာကော့စ်နှင့် နယူးကာဆယ်ပွဲတွင် နယူးကာဆယ်မှ အလန်ရှီးယား၏ ထိုးဖောက်ကစားမှုကို အိုလံပီယာကော့စ် နောက်ခံလူ ဆချူရာ ဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အလန်ရှီးယား ဦးဆောင်သည့် နယူးကာဆယ်အသင်းက ပွဲစသည်နှင့် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၁၁ မိနစ်တွင် အိုလံပီယာကော့စ်မှ ဂျော့ဂါတို့စ် ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြအထုတ်ခံခဲ့ရသည်။ ပွဲချိန် ၁၂ မိနစ်တွင် နယူးကာဆယ်အသင်း ပယ်နယ်တီရရှိရာ ယင်းပြစ်ဒဏ်ဘောကို အလန်ရှီးယား ကန်သွင်းခဲ့သဖြင့် ဖွေဆော်ဦး ဂိုးရရှိခဲ့သည်။ယင်းဂိုးသည် အလန်ရှီးယားအတွက် ယခုနှစ်ဘောလုံးရာသီ၌ သူ၏ ၁၆ဂိုး မြောက်သွင်းယူသောဂိုးဖြစ်ပြီး နယူးကာဆယ်အတွက်လည်းသူ၏ ၁၈၉ ဂိုးမြောက်သွင်းယူသည့် ဂိုးဖြစ်ခဲ့သည်။

အိုလံပီယာကော့စ်က ချေပဂိုးရရှိရေးအတွက် ရှေ့တန်းမှ ရီဗယ်ဒို၊ ရိုင်နာကစ်အိုကက်၊ စတောတီဒစ်နှင့် မီလိုစ်မာရစ်တို့ အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားရာ နယူးကာဆယ် နောက်ခံလူများဟန့်တားရာမှ ပွဲချိန် ၁၆ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို အိုလံပီယာကော့စ်မှ အလယ်တန်းလူ ဒီဂျော့ဂျေဗစ် ကန်သွင်းခဲ့သဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်း အနိုင်ဂိုးရရှိရေး ကြိုးစားထိုးဖောက်ကစားရာ ပွဲချိန် ၃၄ မိနစ်တွင် အလွတ်တည်ကန်ဘောရရှိရာ ယင်းဘောလုံးကို နယူးကာဆယ် အလယ်တန်းလူ လောရင့်ရောဘတ်က ၂၂ကိုက် အကွာမှ ဂိုးရရှိအောင် ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ပွဲချိန် ၄၄ မိနစ်တွင် အိုလံပီယာကော့စ်မှ နောက်ခံလူ ကော့စ်တူလက်စ် ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြအထုတ်ခံခဲ့ရရာ အိုလံပီယာကော့စ်တို့ လူကိုးဦးတည်းနှင့် ကစားခဲ့ရသည်။ အိမ်ကွင်း၌ လူကိုးဦးတည်းနှင့်ကစားရသော အိုလံပီယာကော့စ်ကို နယူးကာဆယ်တို့ ဖိကစားခဲ့ရာမှ ပွဲချိန် ၆၉မိနစ်တွင် ပက်ထရစ်ကလွိုက်ဗက်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နယူးကာဆယ်တို့ အဝေးကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် စပို့တင်းလစ္စဘွန်း

အိမ်ကွင်း၌ ကစားရခက်သော မစ်ဒယ်ဘရော့ကို စပို့တင်းလစ္စဘွန်းတို့ အနိုင်ရအောင်ကစားနိုင်ခဲ့သည်။ မစ်ဒယ်ဘရော့တို့ မိမိကွင်း ရေးဗားဆိုက်၌ပင် ဧည့်သည်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုအောက်တွင် ကစားကွက်ပျက်ပြီး တည်မရဖြစ်ကာ

ယူအီးအက်ဖ်အေ ဖလား စတုတ္ထအဆင့် ပထမ အကျော့ ပွဲစဉ် အဖြစ် မစ်ဒယ်ဘရော့နှင့် စပို့တင်း လစ္စဘွန်းတို့ပွဲတွင် မစ်ဒယ်ဘရော့မှ တိုက်စစ်မှူး ဂျော့ ထိုးဖောက် ကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပွဲချိန် ၄၉မိနစ်တွင် စပို့တင်း လစ္စဘွန်းကွင်းလယ်ကစားသမား ပီဒရိုဘာဘိုဆာကတစ်ဂိုး၊ ပွဲချိန် ၅၃ မိနစ်တွင် တိုက်စစ်မှူး လီဒစ်ဆင်က တစ်ဂိုး၊ ပွဲချိန် ၆၅ မိနစ်တွင် တိုက်စစ်မှူး ဒေါ်ရာလာက တစ်ဂိုးသွင်းယူခဲ့ပြီး စပို့တင်းလစ္စဘွန်းက သုံးဂိုး အသာဖြင့် ဦးဆောင်နေခဲ့သည်။

မစ်ဒယ်ဘရော့အသင်း ကွင်းလယ်ကစားကွက်ကို ပြန်လည်ထိန်းချုပ်ရင်း ချေပဂိုးရရှိရေး ကြိုးစားရာမှ ပွဲချိန် ၇၉မိနစ်တွင် လူစားဝင်လာသူ ဒီစီးဟား ဂျော့က မစ်ဒယ်ဘရော့အတွက် ချေပဂိုး တစ်ဂိုး သွင်းယူပေးသည်။

မစ်ဒယ်ဘရော့မှ ဆောက်ဂိတ်၊ ဒေါင်နင်၊ ဟက်ဆယ်ဘိမ့် နှင့်ဇေန်ဒန်းတို့ ချေပဂိုးသွင်းယူနိုင်ရေး အသည်းအသန် ကြိုးစားကစားရာမှ ပွဲချိန် ၈၆မိနစ်တွင် တိုက်စစ်မှူး ခရစ်ရစ်ဂေါ့က တစ်ဂိုးသွင်းယူ ပေးနိုင်ခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ ဂိုးပြတ်မရှုံးဘဲ သုံးဂိုး–နှစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့တို့ ယခုခြေစွမ်းဖြင့် အဝေးကွင်း၌ ဒုတိယအကျော့ ပွဲစဉ်တွင် စပို့တင်းလစ္စဘွန်းကို အနိုင်ရရန် မလွယ်ပေ။

ကမ္ဘာတစ်လွှား အားကစား

ဆီဗီလာနှင့် ပါးမား

တတိယအဆင့်ပွဲတွင် ၁၀ ဦးတည်းနှင့် စတုဂတ်အသင်းကို အနိုင်ကစားခဲ့သော ပါးမားတို့ အဝေးကွင်း၌ ဆီဗီလာကို ဂိုးမရှိ သရေသာကစားနိုင်ခဲ့သည်။

ဆီဗီလာ၏ အိမ်ကွင်း၌ ဆီဗီလာ တိုက်စစ်မှူးများ ဖြစ်သည့် အင်တိုနီတို၊ နီလ်ဗက်၊ လူးရစ်မာတီနှင့် ဘက်တီစတာတို့၏ ထိုးဖောက် ကစားမှုကြောင့် ပွဲအစ သုံးမိနစ်မှာပင် တိုက်စစ်မှူး လူးရစ်မာတီ သေချာပေါက်ဂိုးသွင်းခွင့်ရရှိသော်လည်း အခွင့်အရေးအပြည့်အဝ အသုံးမချနိုင်ခဲ့ပေ။

ပထမပိုင်း ပွဲချိန် ၃၄ မိနစ်တွင် ပါးမားအလယ်တန်းလူ ဖရန်စီကိုရောပေါလို လွတ်လွတ်ကျွတ်ကျွတ်ကန်သွင်းခွင့်ရသော်လည်း ကန်ချက်မမှန်သဖြင့် ဂိုးမရရှိခဲ့ပေ။ စပို့တင်းလစ္စဘွန်း၏ တိုက်စစ်ကိုဟန့်တားရင်း အဝင်ကြမ်းတမ်းမှုကြောင့် ပါးမားမှ ဘိုဗို၊ ဒီဆီနာ၊ ကာဒိုနီ၊ ဗစ်နာရိုလီ၊ မာချီရိုနီ၊ ဂရီလာ၊ ဘိုဒိုရာနှင့်ကွန်တီနီတို့ အဝါကတ်ပြခံခဲ့ရရာ ယူအီးအက်ဖ်အေ၌ တစ်ပွဲတည်း အဝါကတ်ရှစ်ဦး အပြခံရသည့်အသင်းအဖြစ် ပါးမားတို့ စံချိန်တင်ခြင်းခံခဲ့ရသည်။

(အင်တာနက်)

ဟဲဗီးဝိတ်ချန်ပီယံ မိုက်တိုင်စန် တစ်ကျော့ပြန်လာဦးမည်

ဝါရှင်တန် မတ် ၁၁

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်စန်သည် သူ၏၃၉နှစ်မြောက်မွေးနေ့ မတိုင်မီ ငါးရက်အလို ဇွန်၂၀တွင် စိန်ခေါ်ပွဲတစ်ရပ်ထိုးသတ်ရန် စီစဉ်ထားကြောင်း တိုင်စန်က ရောမမြို့၌ ယခင်သီတင်းပတ်က ပြောကြားသည်။

မိုက်တိုင်စန်၏ မန်နေဂျာ ရှယ်လီဖင်ကယ်က ဝါရှင်တန်ပို့စ်သို့ ပြောကြားရာတွင် အဆိုပါလက်ဝှေ့ပြိုင်ပွဲအတွက် ထိုးသတ်မည့်ရက် အတိအကျ မသိရသေးသော်လည်း ဇွန်လတွင် ဝါရှင်တန်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း၊ တိုင်စန်၏ ပြိုင်ဘက်မှာ ဂျာမနီတွင် ထိုးသတ်ခဲ့သည့် ဩစတြေးလျမှ ကော့မီရိုဗစ် ဖြစ်နိုင်ကြောင်း၊ တိုင်စန်၏ ပြိုင်ဘက်ကို စဉ်းစားနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ဝါရှင်တန်လက်ဝှေ့ကော်မရှင်က နောက်ထပ်ပြိုင်ဘက်အဖြစ် အဆိုတင်သွင်းထားသူမှာ ဟဲဗီးဝိတ်ချန်ပီယံဟောင်း ချန်ပီယံရစ်ဒစ်ဘိုးပင် ဖြစ်သည်။

တိုင်စန်နှင့် ဘိုးတို့သည် လာမည့်ဇွန်လတွင် စိန်ခေါ်ပွဲ ထိုးသတ်ကြဖွယ်ရှိကြောင်း အဆိုပါ ကော်မရှင်က ပြောဆိုသည်။ **(အင်တာနက်)**

မတ်၁ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်အတွက် မိုးညှင်းယောဂီ ဒေါ်သောင်းခင်၊ ဒေါ်သန်းတင်၊ ဦးတင်အောင်-ဒေါ်ခင်လှရွှေ၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းနွဲ့ မိသားစုက အလှူငွေကျပ်နှစ်သိန်းလှူဒါန်းစဉ်။ (က-ပ)

လူ့ရုပ်ကြွင်းအရိုးစုနှင့်ဦးခေါင်းခွံများ ဟန်လင်းကြီးမြို့ဟောင်းတွင်တွေ့ရှိ

ရန်ကုန် မတ် ၁၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကြီး မြို့ဟောင်း ရွှေဂူကြီးဘုရား အရှေ့တောင်ဘက် ကိုက် ၇၀၀ခန့်အကွာရှိ ဦးမောင်နိုင်၏ ယာခင်းအတွင်း၌ ရေတွင်းစမ်းသပ်တူးဖော်ရာမှ မြေအနက် ခုနစ်ပေခွဲခန့်တွင် လူ့ရုပ်ကြွင်းအရိုးစုကို တွေ့ရှိခဲ့ရသည်။ ယင်းရုပ်ကြွင်းအရိုးစု တွေ့ရှိရသည့် မြေဆီလွှာအနေအထားမှာ သဲဆန်သောမြေလွှာဖြစ်၍ အရောင်မှာ ဝါညိုရောင် (Buff Color) ဖြစ်သည်။

တွေ့ရှိရသော ရုပ်ကြွင်းသည် မြောက် ၃၈ ဒီဂရီ အရှေ့ဘက်ယွန်းယွန်းသို့ ဦးလှည့်နေသည်။ ရုပ်ကြွင်း၏ အရပ်မှာ ငါးပေ လေးလက်မခန့်ရှိသည်။ ဦးခေါင်းအနေအထားနှင့် ခန္ဓာဗေဒ လေ့လာမှုအရ အမျိုးသမီး တစ်ဦး၏ရုပ်ကြွင်းဖြစ်ပြီး အသက်မှာ ၄၀ မှ ၅၀နှစ်အတွင်းဖြစ်သည်။ ရုပ်ကြွင်း၏လက်နှစ်ဖက်မှာ ဝမ်းဗိုက်ပေါ်တွင် ယှက်လျက်တင်ထားသဖြင့် စနစ်တကျမြှုပ်နှံခဲ့သည့် ရုပ်ကြွင်း ဖြစ်သည်။ ရုပ်ကြွင်းသည် တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသည့် အဆင့် (Semifossilized)တွင် ရှိရာ သက်တမ်းအားဖြင့် ကြာညောင်းလှပြီဖြစ်သည်။

ရုပ်ကြွင်း၏ ခါးပိုင်းနေရာ တစ်ဖက်တစ်ချက်တွင် အိုးကြီးတစ်လုံးနှင့်အိုးငယ်တစ်လုံးတို့ကိုပါ မြှုပ်နှံထားကြောင်း တွေ့ရှိရသည်။ ယင်းရုပ်ကြွင်း၏ မြောက်ဘက် ပေ ၂၀ခန့် အကွာတွင် ရေတွင်းတူးဖော်ရာမှ လူဦးခေါင်း ခွံသုံးခုကိုလည်း ထပ်မံတွေ့ရှိခဲ့ရပြန်သည်။ ယင်းဦးခေါင်းခွံများသည် တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေပြီး ယောကျာ်းကြီးများ၏ ဦးခေါင်းခွံ နှစ်ခုနှင့် ကလေးဦးခေါင်းခွံတစ်ခုတို့ ဖြစ်သည်။ ၎င်းတို့သည်လည်း အမျိုးသမီးရုပ်ကြွင်းနှင့် သက်တမ်းတူပင်ဖြစ်သည်။

တွေ့ရှိထားပြီးဖြစ်

ဟန်လင်းကြီး မြို့ဟောင်းတွင် ကျောက်ချောခေတ် ကျောက်လက်နက်များ၊ ကြေးခေတ် ကြေးလက်နက်များနှင့် သံခေတ်သံလက်နက်များကို တွေ့ရှိထားပြီးဖြစ်ရာ ထိုဒေသတွင် ကျောက်ချောခေတ်မှသည် ကြေးခေတ်၊ သံခေတ်များကိုဖြတ်သန်း၍ ယခုအချိန်အထိ လူတို့နေထိုင်ခဲ့ကြကြောင်း သိရှိရသည်။ တွေ့ရှိရသည့်ရုပ်ကြွင်းသည် တစ်ဝက်တစ်ပျက် ကျောက်ဖြစ်လျက်ရှိပြီး အိုးများနှင့်အတူ မြှုပ်နှံထားခြင်းဖြစ်ရာ ကြေးခေတ်မှလူသားများဖြစ်ကြပြီး တွေ့ရှိရသောနေရာမှာ ဟန်လင်းကြီး မြို့ဟောင်း၏ ကြေးခေတ်ဦး သင်္ချိုင်းနေရာဟု ယူဆရသည်။

ရုပ်ကြွင်းများသည်ကျစ်လျစ်မာကျောပြီး တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသည်ဖြစ်ရာ ယခင်တွေ့ရှိထားသော ဘုတလင်မြို့နယ် ညောင်ကန်ဒေသ၊ မလှိုင်မြို့နယ် မြင်းဦးလှည့်ဒေသနှင့် နှောကန်ဒေသ၊ တောင်သာမြို့နယ် အင်းတဲဒေသ၊ ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှဒေသ၊ ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းဒေသ၊ ရမည်းသင်းမြို့နယ် မြို့လှဒေသစသည့် ကြေးခေတ် သင်္ချိုင်းနေရာများထက် သက်တမ်းစောသည်ဟုခန့်မှန်းရသည်။ ရုပ်ကြွင်းနှင့်အတူ မြှုပ်နှံထားသည့် အိုးအရေအတွက် နည်းပါးခြင်း၊ ရုပ်ကြွင်းခန္ဓာကိုယ်နှင့်အတူ တွေ့ရလေ့ရှိသော ပုတီးစေ့များ၊ ကြေးလက်နက်များ မတွေ့ရှိခဲ့ရခြင်းတို့ကြောင့် ရုပ်ကြွင်းသည် ပိုမိုရှေးကျပြီး ကြေးခေတ်အစောပိုင်းအချိန် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ခန့်ကဟု ကျွမ်းကျင်သူပညာရှင်များကသုံးသပ်ကြသည်။ ဟန်လင်းကြီးဒေသတစ်ဝိုက်တွင် ကျောက်ချောခေတ် ကျောက်လက်နက်များ၊ ကြေးခေတ် ကြေးလက်နက်များ၊ ကြေးစည်းထုပ်များ၊ သံခေတ် သံလက်နက်များအပြင် ပျူစာပါ တံဆိပ်တုံးများ၊ ပျူအရိုးအိုးများ၊ လက်စင်းရာပါ အုတ်ချပ်များ၊ ကျောက်ကွင်းများ၊ လက်ကောက်များ၊ အောက်ခြေတိုင်ပါ မြေဆီမီးခွက်များနှင့် အိုးပုံစံအမျိုးမျိုးတို့ကို တွေ့ရှိရသည်ဖြစ်ရာ ဟန်လင်းကြီးဒေသသည် ကျောက်ချောခေတ်၊ ကြေးခေတ်စသည်ဖြင့် ပျူ-မြန်မာရှေးဦးလူတို့ ခရစ်မပေါ်မီလွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ခန့်ကစ၍ အစဉ်တစိုက်နေထိုင်ခဲ့ရာ ဒေသကြီးတစ်ခုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း ဟန်လင်းကြီးမြို့ဟောင်းနေ ရွာသူရွာသားများ စုဆောင်းသိမ်းဆည်းထားရှိသော ပျူခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် အရွယ်စုံမြေအိုးများ၊ ကြေးခေတ်၊ သံခေတ်၊ ကျောက်ခေတ်သုံး လက်နက်ပစ္စည်းအမျိုးမျိုး၊ မြေတံဆိပ်၊ ကျောက်တံဆိပ်နှင့် ပျူဒင်္ဂါးများကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

မွေးနေ့ဆုမွန်

ချစ်သမီးကလေး **လမင်းသာဦး**၏ မွေးနေ့တွင် ကျန်းမာ၊ ချမ်းသာ၍ လိမ္မာယဉ်ကျေးပြီး ပညာထူးချွန်သည့် သမီး ရတနာလေးဖြစ်စေကြောင်း ဆုမွန်ကောင်းတောင်းပါသည်-

ဖေဖေ-မေမေ **ဦးနေလင်းဦး-ဒေါ်ဖြူသွယ်မော်**
(APO, ESCAP, Unitied Nations)

ဘိုးဘိုး-ဘွားဘွားများ
ဦးလှမြင့်ဦး-ဒေါ်အေးအေးမြင့် (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့) **ဦးလှမော်-ဒေါ်ဖြူဖြူညွန့် (သံအမတ်ကြီး/အငြိမ်းစား)**

ဦးဦး-ဒေါ်ဒေါ်များ **ဗိုလ်မှူးဝင်းမြင့်အောင်-ဒေါ်စန္ဒာဦး၊ ဦးအောင်လှိုင်မော်(ကုလသမဂ္ဂ) ဒေါက်တာဥမ္မာဦး(ရူပဗေဒ)၊ဦးဂါမဏိလှမော်(ခေတ္တ-ဩစတေးလျား)။**

လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

အကြိမ်(၃၀)မြောက်မဟာပဌာန်း ရွတ်ဖတ် ပူဇော်ပွဲကို တပေါင်းလဆန်း ၉ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင် ပဲခူးမြို့ ဓမ္မရိပ်သာကျောင်းတိုက်၌ကျင်းပမည်ဖြစ်ပြီး ဓမ္မအောင်မြေစေတီတော်တွင် နာရီစင်ဆရာတော် ဘဒ္ဒန္တသုဇာတ မဟာထေရ်အမှူးထား၍ သံဃာတော် ၃၅ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
သရုပ်ပြဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများတွင် လစ်လပ်လျက်ရှိသော သရုပ်ပြ(သင်ကြားရေး)၊ လစာနှုန်း(၅၄၀၀-၁၀၀-၅၈၀၀) ဝန်ထမ်းနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

၂။ အဆိုပါရာထူးနေရာအတွက် အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) M.Sc.(Physics, Maths, Chemistry) (သို့မဟုတ်) M.S .(Physics, Maths Chemistry) (သို့မဟုတ်) B.Sc. Hons. (Physics, Math, Chemistry) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။

(ဂ) လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၃-၂၀၀၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းစာချုပ် ချုပ်ဆိုရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ၊ဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ နီးစပ်ရာအစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီးများထံသို့ ၃၁-၃-၂၀၀၅ ရက်နေ့ အရောက်ပေးပို့လျှောက်ထားရမည်။

၄။ အလုပ်ခန့်အပ်ခြင်းခံရသူများထဲမှ Ph.D. (Plan A) နှင့် M.S. (Physics, Maths, Chemistry)သင်တန်းများသို့ တက်ရောက်လိုလျှင် အင်္ဂလိပ်စာနှင့်သက်ဆိုင်ရာ ဘာသာရပ် နှစ်ရပ်စလုံးအရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်။

၅။ M.Sc. (Physics, Maths, Chemistry) နှင့် M.S. (Physics, Maths,Chemistry) ဘွဲ့ရရှိသူများထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဝန်ထမ်း သင်တန်းသားအဖြစ် Ph.D. (Plan A) သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်။

၆။ B.Sc. Hons (Physics, Maths, Chemistry) ဘွဲ့ရရှိသူများထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဝန်ထမ်း သင်တန်းသားအဖြစ် M.S.(Physics, Maths, Chemistry) သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်သိလိုပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးအဖွဲ့မှူး) ဖုန်း ၀၁-၆၆၄၈၀၉၊ ၀၁-၆၅၃၂၁၄နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီးများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
B.Tech အောင်မြင်ပြီးသူများအား သရုပ်ပြဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် လစ်လပ်လျက်ရှိသော သရုပ်ပြ လစာနှုန်း (၅၄၀၀-၁၀၀-၅၈၀၀) ရာထူးနေရာများအတွက် B.Techဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၁-၄-၂၀၀၅ ရက်နေ့တွင် အသက် (၂၈) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဝန်ထမ်းစာချုပ် ချုပ်ဆိုရမည်။

၃။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများကို နီးစပ်ရာ အစိုးရနည်းပညာ ကောလိပ် ကျောင်းအုပ်ကြီးများထံ ပူးတွဲပေးပို့တင်ပြရမည်-

(က) ကိုယ်ရေးအကျဉ်း

(ခ) အောင်လက်မှတ်/ဘွဲ့လက်မှတ်(မိတ္တူ)

(ဂ) မှတ်ပုံတင်မိတ္တူ

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိပြုစာ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်

(စ) ပတ်စပို့အရွယ် ဓာတ်ပုံ (၃)ပုံ။

၄။ အသေးစိတ်သိလိုပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၆၆၄၈၀၉၊ ၀၁-၆၅၃၂၁၄နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီးများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မြေကွက်များ ရောင်းချရန် ကြော်ငြာခြင်း

၁။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မြေကွက်များ ရောင်းချမည်ဖြစ်ပါသည်။

၂။ မြေကွက်များကို အတန်းအစား လေးမျိုးခွဲခြား၍ သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၃။ မြေကွက်များကို လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် အောက်ပါနေရာများတွင် ယနေ့မှစ၍ ရောင်းချနေပြီဖြစ်ပါသည်။

(က) နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၁-၂၄၅၀၈၆

(ခ) နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(မန္တလေးရုံးခွဲ) ဖုန်း-၀၂-၃၉၂၇၅

(ဂ) မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးရုံး ဖုန်း-၀၈၂-၅၂၁၀၃

၄။ လျှောက်လွှာများကို အထက်ပါနေရာများတွင် ၂၀-၃-၂၀၀၅ရက်နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

Summer Special Program
age-6 to 15 yrs
March, April, May
MAY INT'L EDUCATION & TRAINING CENTER
91(A) Banyadala Road, Bahan Tsp., Yangon
Tel : 95-1-544 224, 545 375, 441 2545

ကျောက်ဆည်မြို့ ဘောဂဝတီရပ် မြို့ဦးကတ္တရာလမ်းသစ်ဖွင့်

ကျောက်ဆည် မတ် ၂

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဘောဂဝတီရပ် မြို့ဦးကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၈ရက်က အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြို့ဦးကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၅၂၀၊ အကျယ် ၁၂ပေဖြစ်ပြီး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ငွေကျပ် ၄၂၀၅၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

ဖေဖော်ဝါရီ ၁၆ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပင်းတယ-ရွာငယ်တံတား ဆောက်လုပ်ခြင်း လုပ်ငန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

ဘိုကလေးမြို့နယ်တွင် မြတ်စေတနာ စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ အလှူငွေများပေးအပ်လှူဒါန်း

ဘိုကလေး မတ် ၁

ဘိုကလေးမြို့နယ် ညီနောင်ဝကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး မြတ်စေတနာ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးခင်စောနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ငွေကျပ် ၆၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၀၀၀နှင့် ရေနက်ချောင်းကျေးရွာမှ လယ်သမားကြီး ဦးသန်းဝင်းနှင့် ဇနီး ဒေါ်အေးအေးတို့က ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိပ်ဖြူမြို့နယ်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ဆိပ်ဖြူ မတ် ၃

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်နံနက် ၉နာရီက သက္ကယ်ကျင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်စိုး တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးရဲလှနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးတင့်တို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျောက်ပန်းတောင်းမြို့နယ် နရဲတောကျေးရွာ စက်ရေတွင်းဖွင့်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် နရဲတောကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါ်လာတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ နှစ်လက်မ စက်ရေတွင်းမှာ အနက်ပေ ၁၂၀ ဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၈၀၀ ထွက်ရှိကြောင်း သိရသည်။ **(ဝဇိ၁)**

ရှင်းလင်းတင်ပြ

ဖေဖော်ဝါရီ ၂၂ရက်က မုဒုံမြို့နယ်နှင့် ကျုံဖိုက်ကျေးရွာအား ဆက်သွယ်လျက်ရှိသော ကျေးရွာချင်းဆက် အုတ်ခုံသစ်သားတံတားကို ပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်ကို လုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာ ဒေါ်လဲ့လဲ့နိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မော်ဘီကျေးရွာသောက်သုံးရေကန် အဆင့်မြှင့်

မော်ဘီ ဖေဖော်ဝါရီ ၂၈

မော်ဘီမြို့နယ် သာယာကုန်းကျေးရွာ သောက်သုံးရေကန်ကို ဖေဖော်ဝါရီ ၁၅ရက်က သွပ်ဆူးကြိုးကာရံ၍ အဆင့်မြှင့်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်နှိပ်ပန့် ပြင်ဆင်ထိန်းသိမ်းရန်အတွက် ကျေးရွာပြည်သူများထံသို့ ကွင်းဆင်း ပညာပေးဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမိုးကျော်၊ လက်ထောက်အင်ဂျင်နီယာဦးစိုးသိမ်းနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ကြီးကြပ်ဆောင်ရွက် ပေးကြသည်။**(အပေါ်ပုံ)**

(မြို့နယ် စည်ပင်)

တူးဖော်ဆောင်ရွက်

ဖေဖော်ဝါရီ ၁၆ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်တို့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စစ်ပင်ကွင်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို ကွင်းဆင်း စစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

ရွှေဆံတော် စေတီတော်မြတ်ကြီးအား တွံတေးမြို့နယ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ပဉ္စမအကြိမ် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ရက်က စေတီရင်ပြင်တော်ပေါ်ရှိ ရွှေမန်းမွှေရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက အလှူငွေကျပ်ခြောက်သိန်းနှင့် တက္ကသိုလ်မိသားစု အလှူရှင်များက တစ်သိန်းခြောက်သောင်းတစ်ထောင်တို့ကို ပေးအပ်လှူဒါန်းရာ စေတီတော် ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူစဉ်။ (၃၈၀)

ကျောက်ဖြူမြို့နယ်တွင် ပညာဂုဏ်ရောင် စာကြည့်တိုက်ဖွင့်လှစ်

ကျောက်ဖြူ မတ် ၅

ကျောက်ဖြူမြို့နယ် မင်းချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာဂုဏ်ရောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လှ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထွန်းလွင်လေးနှင့်ကျေးရွာဥက္ကဋ္ဌ ဦးခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်ဦးစီးအရာရှိ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလှူရှင် ဦးမောင်သိန်းတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်အတွင်းရေးမှူးက လက်ခံရယူသည်။ ပညာဂုဏ်ရောင် စာကြည့်တိုက် အဆောက်အအုံကို ကျောက်ဖြူမြို့မှ အလှူရှင်ဦးထွေးအောင်က ငွေကျပ်တစ်သိန်းခွဲ အကုန်အကျခံလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်အတွင်း နယ်လှည့်အခမဲ့ ဆေးဝါးကုသ

ကျောင်းကုန်း မတ် ၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက (၁၄) ကြိမ်မြောက် နယ်လှည့်အခမဲ့ ဆေးဝါးကုသခြင်းနှင့်ပညာပေးဟောပြောပွဲကို မတ် ၄ ရက် နံနက်၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်ဘုရားကြီးကုန်းအုပ်စု ဆင်ကူးကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းစိန်က ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆေးကုသပေးရခြင်း ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်ရှင်းလင်းပြီး၊ မြို့နယ်ကျန်းမာရေးဌာန ဒေါက်တာချိုချိုလွင်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပညာပေးဆွေးနွေးပြောကြားပြီး၊ သူနာပြုဆရာမကြီးဒေါ်နန်းမေရှင်က ဝမ်းပျက်ဝမ်းလျှောနှင့် ကူးစက်ရောဂါများအကြောင်းသိရန်၊ရှောင်ရန်တို့ကို ပညာပေး ဆွေးနွေးသည်။

စုပေါင်းဆောင်ရွက်

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာချိုချိုလွင်နှင့် ဝန်ထမ်းများက ဆင်ကူးကျေးရွာတွင် အခမဲ့ဆေးကုသပေးရာ ကျေးရွာပေါင်း ငါးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူ ရွာသား ၉၀ကျော်အား ဆေးကုသပေးမှုကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျေးရွာလူမှုရေးအသင်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၆၅)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ ၁၇ကက ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့်အဖွဲ့ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။ (၁၅၈)

အကြိမ် (၁၀၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သုဓမ္မမဏိဇောတရ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် ပထမဆင့်ရရှိသူ **(အပေါ်ပုံ)** သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီးတွင် နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၃ရက်က အကြိမ် (၁၀၀)ပြည့် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ရေဦးမြို့နယ်ပြည်တော်သာ ရေလွှဲဆည်လွှဲပြောင်းပေးအပ်
လယ်ဧက ၁၃၅၀ အတွက် ရေပေးဝေနိုင်မည်

ရေဦး မတ် ၅

ရေဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့သော ပြည်တော်သာ ရေလွှဲဆည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တန့်ဆည်မြို့နယ် ကလဇင်အုပ်စု အခြေခံပညာမူလတန်းကျောင်းခန်းမတွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ပြည်တော်သာ ရေလွှဲဆည် လွှဲပြောင်းပေးအပ်ပွဲတွင် တန့်ဆည်မြို့နယ်ဥက္ကဋ္ဌနှင့် ရေဦးမြို့နယ်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ရေဦးမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးမှူးဦးမြင့်ဆွေက ပြည်တော်သာ ရေလွှဲဆည် တည်ဆောက်မှုများကို ရှင်းလင်းတင်ပြပြီး ဆည်ကော်မတီဥက္ကဋ္ဌ ဦးမင်းလှိုင်အား ပြည်တော်သာ ရေလွှဲဆည်ကို လွှဲပြောင်းပေးအပ်သည်။**(ယာပုံ)**

ရေပေးဝေနိုင်မည်

ပြည်တော်သာ ရေလွှဲဆည်မှာ တန့်ဆည်မြို့နယ် ကလဇင်ကျေးရွာအုပ်စုတွင်ရှိပြီး အလျား ၆၅ပေ၊ အကျယ် ၃၇ပေ၊ အမြင့်ရှစ်ပေရှိပြီး ရေဦးမြို့နယ်နှင့် တန့်ဆည်မြို့နယ်အတွင်း လယ်ဧက ၁၃၅၀ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၃၇၈)**

ဖေဖော်ဝါရီ ၂၃ရက်က တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသန်းဆွေ ကြီးကြပ်၍ မြို့နယ်အတွင်းရှိ ရန်ကုန်-ပြည်-မန္တလေး လေးလမ်းမကြီး တစ်လျှောက်နှင့် ဈေးတွင်းဈေးပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်
ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြော

လားရှိုး မတ် ၃

လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု မူလတန်းလွန်ကျောင်းတွင် ကိုယ့်အားကိုယ်ကိုး ပညာ့အလင်း စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီက ကျင်းပရာ လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ လားရှိုးမြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မန်အိုင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန္ဒိယတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည် တည်တံ့ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သုတ၊ရသ စာအုပ်မျိုးစုံ၂၀၀ကို ပေးအပ်လှူဒါန်းရာမန်အိုင်ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးနန္ဒိယက လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း ရေနုတ်မြောင်းများ တူးဖော် ရှင်းလင်းခြင်းနှင့် အမှိုက်များ စွန့်ပစ်ခြင်းတို့ကို ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဒုတိယဦးစီးမှူး (အခွန်)နှင့် ဈေးမိ၊ဈေးဖတို့ ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အခါအားလျော်စွာပေးအပ်သည့်တာဝန်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ထမ်းဆောင်စေသင့်

လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် မတ် ၁၁

၂၀၀၅ ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ရမည့် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာနှင့် ယင်းအုပ်ချုပ်မှု အခွင့်အာဏာနှင့် ဆက်စပ်လျက်ရှိသည် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာနှင့် ယင်းအုပ်ချုပ်မှု အခွင့်အာဏာနှင့် ဆက်စပ်လျက်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများ ချမှတ်ရန်သင့်မသင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများက ဆွေးနွေးအကြံပြုကြပါရန် လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုဆက်လက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့၏ အုပ်ချုပ်မှု အခွင့်အာဏာနှင့် ယင်းအုပ်ချုပ်မှုအခွင့်အာဏာနှင့် ဆက်စပ်လျက်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်အပ်နှင်းရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာ တွေ့ရှိချက်များကို တင်ပြသွားမှာဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

အမျိုးသားညီလာခံ စုံ ညီ အ စည်း အ ဝေး ၌ နိုင်ငံတော် ဖွဲ့ စည်းပုံ အခြေခံဥပဒေရေးဆွဲရာ တွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့ မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဦးစီး အဖွဲ့၏ အုပ်ချုပ်မှု အခွင့်အာဏာ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုအခါ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းထားရှိ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့်လုပ်ငန်းသဘာဝများ သီးခြားဥပဒေပြဋ္ဌာန်းပေးသင့်

လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်

ရန်ကုန် မတ် ၁၁

၂၀၀၅ ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ **"နိုင်ငံ့ဝန်ထမ်း"**နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❒

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင် မည့်အုပ်ချုပ်ရေးနှင့် တရား စီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ"နိုင်ငံ့ ဝန်ထမ်း"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေး စိတ်အခြေခံရမည့်မူများ နှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှန်သမျှသည် ပြည်သူ့အတွက်ပင်ဖြစ်သည်ကို နားလည်သဘောပေါက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားရမည် ဖြစ်သည်။

ခေါင်းကြီး(စာ-၂)

❒ ယနေ့မြန်မာတို့ ကိုယ်တိုင်မြင်ရသည်မှာ ပြည်ထောင်စုတစ်ခုလုံး ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးနေခြင်းဖြစ်သည်။ လမ်းသစ်၊ တံတားသစ်၊ ဆည်တမံသစ်၊ တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းသစ်၊ ဆေးရုံသစ်များမမြင်ချင်မှအဆုံး တစ်နိုင်ငံလုံးလက်ညှိုးထိုးမလွဲဖြစ်ပေါ်တိုးတက်နေပေသည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး(စာ-၁၀)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှားပါး ငါးမန်းဖြူ

မွန်တာရေး ငါးပြတိုက်အတွင်း ငါးမန်းဖြူတစ်ကောင် ကူးခတ်နေသည်ကို လေ့လာသူများ ကြည့်ရှုနေစဉ်။ **(အောက်ပုံ)**

ကယ်လီဖိုးနီးယားပြည်နယ် မွန်တာရေးမြို့ရှိ မွန်တာရေး ငါးပြတိုက်အတွင်း အလွန်ရှားပါးသော ငါးမန်းဖြူတစ်ကောင်ကို ထိန်းသိမ်းမွေးမြူထားရာ ယင်းငါးမန်းဖြူမျိုးသည် မည်သည့်နေရာဒေသတွင်မျှ တွေ့ရှိနိုင်ခြင်း မရှိသေးကြောင်း၊ ခင်းကျင်းပြသမှုလည်း မပြုလုပ်နိုင် သေးကြောင်း သိရသည်။ **(အေပီ)**

အိတ်ဆောင် ရွှေနာရီ



အိတ်ဆောင် ရွှေနာရီလေးတစ်လုံးကို လန်ဒန်မြို့ လေလံပွဲတစ်ခု၌ ဝန်ထမ်းတစ်ဦးက ပြနေစဉ်။**(အပေါ်ပုံ)**

အဆိုပါ အိတ်ဆောင် ရွှေနာရီလေးမှာ ကမ္ဘာကျော်တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့စဉ်က အသက်မသေဘဲ ကျန်ရစ်သူ အမျိုးသမီးကြီး နီရာကိန်း၏ နာရီလေးဖြစ်သည်။ တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သည့်ညက သူမရေထဲနစ်မြုပ်စဉ် ယင်းရွှေနာရီလေးအတွင်း ရေများဝင်ခဲ့မှုကြောင့် ထိုညကတည်းကပင် နာရီစက်ရပ်သွားခဲ့သည့်အတိုင်း ထားရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုရွှေနာရီလေးကို အမေရိကန် ဒေါ်လာ၄၇၅၀နှင့်၆၆၅၀အကြား လေလံတင်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ **(အေပီ)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး